မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၂၇ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၃၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- * စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- * ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချစ်ကြည်ရေးခရီးသွားရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် မေ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Wang Zong Ying နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၅ ✻

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦး နှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၂၇ ရက်)

သွေးလှူခြင်းဖြင့် မွန်မြတ်သောကုသိုလ်ထူးကိုရယူ

သွေးလှူဒါန်းခြင်းသည် လူ၏အသက်ကို ကယ်တင်ခြင်းဖြစ်သဖြင့် အလှူဒါနများအနက် အမွန်မြတ်ဆုံးသော အလှူဒါနတစ်ခုဖြစ်သည်။ ကျန်းမာရေးကဏ္ဍတွင် ဆေးကုသမှု၌ အရေးကြီးသောအရာသည် သွေးဖြစ်သည်။ ထိုသွေးကို စေတနာထား၍ ပေးအပ်လှူဒါန်းမှုပြုခြင်းသည် ကောင်းသောဆောင်ရွက်မှု ဖြစ်သည်။

လူသားတစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ လူနာအများအတွက်ဖြစ်စေ လိုအပ်သောအချိန်၌ သွေးသွင်းကုသပေးပြီး အသက်ကယ်နိုင်ခြင်းသည် ပေးလှူသူနှင့်ရရှိသူ နှစ်ဦးနှစ်ဖက် အကျိုးထူးများရရှိစေသည်။ လူတစ်ဦးအသက်ရှင်ရပ်တည်နိုင်ရန် ခန္ဓာကိုယ်အတွင်းရှိ သွေးပမာဏသည် သတ်မှတ်ထားသည့်ပမာဏအတိုင်း အမြဲရှိနေရမည်ဖြစ်သည်။ ထိုသတ်မှတ်ပမာဏထက် လျော့နည်းပါက လူ၏အသက်ကိုထိခိုက်စေနိုင်သည်။ သို့ကြောင့်လည်း"သွေးသည်အသက်"ဟု ဖော်ညွှန်းထားခြင်းဖြစ်သည်။

သွေးသွင်းကုသည့်လူနာများအတွက် သွေးကိုအချိန်မီလုံလောက်စွာ ရရှိရန်လိုအပ်သကဲ့သို့ လှူဒါန်းသောသွေးသည် သန့်သောသွေးဖြစ်ရန် အရေးကြီးသည်။ သွေးလှူရှင်သည် ကျန်းမာရေးနှင့်ပြည့်စုံပြီး ရောဂါဘယကင်းရှင်းသူဖြစ်ရန် အရေးကြီးသည်။ ထို့ကြောင့်လည်း သွေးမလှူဒါန်းမီ သွေးသန့် မသန့်ကို ဦးစွာစစ်ဆေးရသည်။

သွေးလှူဒါန်းသူများကို လေ့လာကြည့်လျှင် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း လူငယ်များသည်လည်း များစွာပါဝင်လျက်ရှိရာ ယနေ့ လူငယ်များ၏ စိတ်ထားမွန်မြတ်မှုက ပေါ်လွင်လျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးကောင်းမှုနှင့် လူနေမှုအကျင့်စရိုက် ကျင့်သုံးနေထိုင်မှုတို့ကိုလည်း ပြသလျက်ရှိသည်။ လူငယ်လေးများ စဉ်ဆက်မပြတ် သွေးလှူဒါန်းမှု များပြားလာခြင်းဖြင့် ပတ်ဝန်းကျင်ရှိ လူငယ်များကို စည်းရုံးလာနိုင်ပြီး ကျန်းမာသောလူငယ်လေးများ ပိုမိုပေါ်ထွန်းလာမည် ဖြစ်သည်။

ပညာရှင်များက လူသားအားလုံးသည် မိမိသွေးကိုလှူဒါန်းသင့်ကြောင်း သတိမပြုမိ၍သာ သွေးလှူဒါန်းမှု မပြုကြခြင်းဖြစ်ကြောင်း သုံးသပ်သည်။ သွေးလှူရှင် လှူလိုက်သော သွေးတစ်စက်သည် အမှန်တကယ်လိုအပ်နေသူအတွက် အသက်ကယ်တင်နိုင်ခြင်းဖြစ်ကြောင်း၊ မွန်မြတ်သည့် ကုသိုလ်ထူးကိုရရှိကြောင်း သိရသည့်အခါ မိမိကိုယ်တိုင် ဝမ်းသာပီတိ ဖြစ်ရသည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာရှင်များနှင့်အတူ ပြည်သူများ ပူးပေါင်းပါဝင်လျက် သွေးလှူခြင်းဖြင့် မွန်မြတ်သောကုသိုလ်ထူးကို ရယူကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကင်မ်ဟေးယွန်သည် မေ ၂၄ ရက် ညနေ ၃ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လျှပ်စစ်စွမ်းအားကဏ္ဍ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

သိပ္ပံနည်းကျစိုက်နည်းစနစ် ဖျာပုံခရိုင်၌ ရှင်းလင်းဆွေးနွေး

ဖျာပုံ မေ ၂၆

စပါးတစ်ဧက တင်း ၁၀၀ နှုန်း ထွက်ရှိရန် လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄) ချက် ရှင်းလင်းပွဲကို မေ ၂၀ ရက် နံနက် ၁၀ နာရီက ဖျာပုံခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယတိုင်းမန်နေဂျာ ဦးလှဝေက သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄) ချက်ကို ရှင်းလင်းဆွေးနွေးသည်။**(အပေါ်ပုံ)**

သိပ္ပံနည်းကျ စိုက်စနစ်များကို ဖျာပုံခရိုင်အတွင်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းများက မိမိတို့တာဝန်ကျဒေသများရှိ တောင်သူလယ်သမားများအား သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ကွင်းဆင်းရှင်းလင်းလျက်ရှိကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဒေသဖွံ့ဖြိုးတိုးတက်ရေး ရွှေကူမြို့၌ ဆောင်ရွက်

ရွှေကူ မေ ၂၆

ကချင်ပြည်နယ် ရွှေကူမြို့နယ် နောင်မိုကျေးရွာအုပ်စု ဇင်းဘုံကျေးရွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးညွှန့်ကြည်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးနိုင်၊ မြို့နယ်မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကျော်စိန်တို့သည် မေ ၁၄ ရက် နံနက် ၁၁ နာရီက အဆိုပါကျေးရွာသို့ ရောက်ရှိပြီး ထပ်မံဆောက်လုပ်မည့် ဇင်းဘုံကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် ဆောက်လုပ်ပြီးစီးပြီဖြစ်သည့် စာပေကမ္ဘာ စာကြည့်တိုက်တို့ကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘိုးဘွားရိပ်သာဖွင့်ပွဲ ညောင်လေးပင်မြို့၌ ကျင်းပ

ညောင်လေးပင် မေ ၂၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ဘိုးဘွားရိပ်သာဖွင့်ပွဲ အခမ်းအနားကို မေ ၂၁ ရက် နံနက် ၉ နာရီက မြို့မ(၁)ရပ်ကွက် စက်ရုံလမ်း၌ ကျင်းပရာ အလှူရှင် ဦးချွန်းနား-ဒေါ်ခင်ရီမိသားစုက ဘိုးဘွားရိပ်သာ ကမ္ပည်းမော်ကွန်း ကျောက်စာကို ဖွင့်လှစ်ပေးသည်။

ဆက်သွယ်လှူဒါန်း

ယခုအခါ အဆိုပါ ဘိုးဘွားရိပ်သာတွင် မှီခိုရာ ကင်းမဲ့သော အဘိုး၊ အဘွားများကို စောင့်ရှောက်ပေးလျက်ရှိပြီး အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက ဘိုးဘွားရိပ်သာ (ညောင်လေးပင်)ဖုန်း-၀၅၂၅၀၇၇၂၊ ၀၉-၅၃၈၅၃၉၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

စုပေါင်းကာကွယ် ယာဉ်အန္တရာယ်

ဘဏ္ဍာရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

တောင်ကြီး မေ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းဇယားများပြုစုထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို တောင်ကြီးမြို့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ မေ ၂၃ ရက်က ကျင်းပရာ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေက အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ်စည်ပင်)**

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပျိုးဥယျာဉ်လုပ်သားများ ပန်းအလှပင် ပျိုးထောင်ရန် ပျိုးထုပ်များထုပ်ခြင်းကို မေ ၁ ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့်လက်ထောက်အင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းသုံးဖတ်စာအုပ်များကို သက်ဆိုင်ရာ ဒေသအသီးသီးသို့ ပို့ဆောင်ပြီးဖြစ် ကျောင်းသား ကျောင်းသူများလက်ဝယ်သို့ အချိန်မီရောက်ရှိအောင် ဖြန့်ချိ

ကျောင်းသုံးဖတ်စာအုပ်များ လက်ဆင့်ကမ်းသည့်စနစ် ပိုမိုကျယ်ပြန့်အောင်ဆောင်ရွက်

နေပြည်တော် မေ ၂၆

ကျောင်းသုံး ဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၁)ကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကျောင်းသုံး ဖတ်စာအုပ်များရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်ဆင့်ကမ်းစနစ်

ရှေးဦးစွာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပုံနှိပ်ပြီး ကျောင်းသုံး ဖတ်စာအုပ်များကို သက်ဆိုင်ရာ ဒေသအသီးသီးသို့ ပို့ဆောင်ပြီးဖြစ်၍ ကျောင်းသား ကျောင်းသူများလက်ဝယ်သို့ အချိန်မီရောက်ရှိအောင် ဖြန့်ချိပေးရေး၊ ၂၀၁၂-၂၀၁၃ ခုနှစ် ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များကို ယခင်နှစ်များနည်းတူ ၂၀၁၂ ခုနှစ် မတ် ၁၅ ရက်တွင် ပြီးစီးအောင် အချိန်မီပုံနှိပ်ရေး၊ ပုံနှိပ်အရည်အသွေး ကောင်းမွန်ရေး၊ စာအုပ်သိုလှောင်ရုံများသို့ စနစ်တကျပို့ဆောင်ရေး၊ ပျက်စီးလေလွင့်မှုမရှိအောင် ထိန်းသိမ်းရေးနှင့် ကျောင်းသုံးဖတ်စာအုပ်များ လက်ဆင့်ကမ်းသည့်စနစ်ကို ပိုမိုကျယ်ပြန့်အောင် ကျင့်သုံးဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ကျောင်းသုံးဖတ်စာအုပ်များရိုက်နှိပ်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်က ၂၀၁၀ခုနှစ် မေ ၂၄ ရက်တွင် ကျင်းပခဲ့သော အစည်းအဝေးမှတ်တမ်း၊ ဆုံးဖြတ်ချက်နှင့်ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားတင်ပြပြီး ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိ ဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကျောင်းသုံးဖတ်စာအုပ်များကို ကျောင်းသား ကျောင်းသူများလက်ဝယ်သို့ အချိန်မီရောက်ရှိစေရေးအတွက် ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ယခင်နှစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လာမည့်နှစ် ဆောင်ရွက်ရမည့် အစီအမံများနှင့် အချိန်မီဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ဆွေးနွေးတင်ပြသည်။

တင်ပြ

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ယခုနှစ်ထုတ်လုပ်သည့် ကျောင်းသုံးဖတ်စာအုပ်များအား အရည်အသွေးကောင်းမွန်အောင် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရိုက်နှိပ်ပြီး ကျောင်းသုံးဖတ်စာအုပ်များ သိုလှောင်မှု အခြေအနေ၊ ပို့ဆောင်မှုအခြေအနေနှင့် ပုံနှိပ်စက်ရုံများတွင် လျှပ်စစ်မီးရရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ကျောင်းသုံး ဖတ်စာအုပ်များ ရိုက်နှိပ် ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၁)တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် မေ ၂၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကင်မ်ပေးယွန်သည် ယမန်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၂၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မေ ၂၇ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၅ ၇။ ကြေးမုံရိပ်သွင်တေးနယ်
၈:၁၅ ၈။ အကပြိုင်ပွဲ
၈:၂၅ ၉။ **အသိစိတ်ကလေး အရင်းတည်၍**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၄:၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၅:၂၀ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၃၅ ၉။ ရိုးသားဖြူစင် ကလေးတို့အသွင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ရသစုံလင်အင်တာနက်ဉယျာဉ်
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နှယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၃၆)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **လျှပ်တစ်ပြက်ဟာသများ**
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ထူးခြားသောမိသားစု** (အပိုင်း-၂၀)
၁၉။ **သီချင်းချစ်သူ** (ဇင်မင်းခန့်)
၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံတကာသတင်းများ

အသံထက်မြန်သော ဂျက်တိုက်လေယာဉ် ၁၆ စင်း အင်ဒိုနီးရှားကို တောင်ကိုရီးယားရောင်းချ

ဆိုးလ် မေ ၂၆

တောင်ကိုရီးယားနိုင်ငံက အင်ဒိုနီးရှားနိုင်ငံသို့ အသံထက်မြန်သော T-50 ဂျက်တိုက်လေယာဉ် **(ယာပုံ)** များ တင်ပို့ရောင်းချလိုက်ကြောင်း တောင်ကိုရီးယားနိုင်ငံပိုင် လေယာဉ် ကုမ္ပဏီက မေ ၂၆ ရက်တွင် ပြောကြားသည်။

အမေရိကန်ဒေါ်လာ သန်း ၄၀၀ တန်ဖိုးရှိ အသံထက်မြန်သော လေယာဉ် ၁၆ စင်းရောင်းချရန် ဂျကာတာမြို့၌ မေ ၂၅ ရက်က စာချုပ် ချုပ်ဆိုခဲ့ကြောင်း၊ အမေရိကန်လေကြောင်းကုမ္ပဏီလော့ဟီးမာတင်နှင့် တောင်ကိုရီးယားလေကြောင်း ကုမ္ပဏီကေအေအိုင်တို့ ဖက်စပ်ထုတ်လုပ်သည့် အဆိုပါ T-50 ဂျက်တိုက်လေယာဉ်များ ပထမဆုံးအကြိမ် ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ စာချုပ်ချုပ်ဆိုနိုင်ခြင်းသည် တောင်ကိုရီးယားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးအတွက် အထောက်အကူဖြစ်စေလိမ့်မည်ဟု ယုံကြည်ကြောင်း တောင်ကိုရီးယားလေကြောင်းကုမ္ပဏီ ကေအေအိုင် ဥက္ကဋ္ဌ ကင်ဟောင်ကိုင်းက ပြောကြားသည်။

ကမ်းလှမ်းခဲ့

အင်ဒိုနီးရှားနိုင်ငံက လက်ရှိအသုံးပြုနေသော Hawk-mk-53 လေ့ကျင့်ရေး ဂျက်လေယာဉ်များ နေရာတွင် အစားထိုးနိုင်ရန် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံက စာချုပ်ချုပ်ဆိုပြီးနောက် ၁၈ လအတွင်း အဆိုပါ ဂျက်လေယာဉ် ၁၆ စင်းကို အင်ဒိုနီးရှားနိုင်ငံသို့ အရောက်ပို့ပေးမည် ဖြစ်ကြောင်း ကတိပြုပြောကြားလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်၌ ဘတ်စ်ကားတစ်စီး မြစ်ထဲထိုးကျ၊ ၁၀ ဦးသေဆုံး

အစ္စလမ္မာဘတ် မေ ၂၆

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဂီဂျက်ဒေသရှိ မြစ်တစ်မြစ်အတွင်းသို့ ခရီးသည်တင်ဘတ်စ်ကားတစ်စီးထိုးကျခဲ့ရာ အနည်းဆုံး ၁၀ ဦးသေဆုံးကြောင်း ရုပ်မြင်သံကြား သတင်းတွင် ဖော်ပြသည်။

ပိုတိုးလာနိုင်

မေ ၂၆ ရက် နံနက် ၁၁ နာရီခန့်တွင် ခရီးသည် ၄၀ ခန့် တင်ဆောင်လာသည့် ဘတ်စ်ကားမှာ ကာဂါရာမြို့မှ ဂီဂျက်မြို့သို့ မောင်းနှင်လာစဉ် မြစ်ထဲသို့ ထိုးကျခဲ့ခြင်းဖြစ်သည်။ မည်သည့်အတွက်ကြောင့် ယင်းသို့ဖြစ်ရသည်ကို မသိရှိသေးကြောင်း၊ သေဆုံးသူ ၁၀ ဦးအားရှာတွေ့ခဲ့ပြီး ဘတ်စ်ကားပေါ်လိုက်ပါခဲ့သူ ကျန်ခရီးသည်များမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ သေဆုံးသူဦးရေ ယခုထက်ပိုတိုးလာနိုင်ဖွယ်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ပျောက်ဆုံးနေသော အီဂျစ်ပိရမစ်များ အနီအောက်ရောင်ခြည်သုံးဂြိုဟ်တုပုံရိပ်မှ ရှာဖွေတွေ့ရှိ

ဘာမင်ဂမ် မေ ၂၆

အီဂျစ်နိုင်ငံတွင် မြေအောက်မြုပ်ကွယ်ပျောက်ဆုံးနေသည့် ပိရမစ် ၁၇ ခုကို အနီအောက်ရောင်ခြည်သုံး ဂြိုဟ်တုပုံရိပ်မှတစ်ဆင့် ရှာဖွေတွေ့ရှိခဲ့ကြောင်း မေ ၂၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ **(အောက်ပုံ)**

ဂြိုဟ်တု၏ အနီအောက်ရောင်ခြည်သုံးပုံရိပ်တွင် မြေအောက်နစ်မြုပ်နေသည့် အဆောက်အအုံများကိုတွေ့ရှိခဲ့ပြီး ရှေးဟောင်းကျေးရွာ ၃၀၀၀ ကျော်နှင့် သင်္ချိုင်းအုတ်ဂူ ၁၀၀၀ ကျော်၏ ပုံရိပ်များကိုလည်း တွေ့ရှိခဲ့ကြသည်။ ကနဦးတူးဖော်မှုလုပ်ငန်းများအရ ပိရမစ်နှစ်ခုတွေ့ရှိခြင်းကို အတည်ပြုနိုင်ပြီဖြစ်ကြောင်း၊ ပိရမစ်တူးဖော်မှုသည် ရှေးဟောင်းသုတေသနပညာရှင်များအတွက် မျှော်လင့်ချက်အိပ်မက်ပင်ဖြစ်ကြောင်း ဒေါက်တာဆာရက်ပါကတ်ခ်က ပြောကြားခဲ့သည်။



ဆောင်ရွက်

သူမသည် အာလာဘားမား၊ ဘာမင်ဂမ်ရှိ နာဆာကထောက်ပံ့သည့် သုတေသနဓာတ်ခွဲခန်းတွင် အာကာသရှေးဟောင်းသုတေသနလုပ်ငန်းများကို ဦးစီးဦးရွက်ပြုကာ သူမ၏အဖွဲ့နှင့်အတူ စတင်ပြုလုပ်ခဲ့သူဖြစ်သည်။ ပါကတ်ခ်တို့အဖွဲ့သည် ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၇၀၀ တွင် လှည့်ပတ်နေသည့် ဂြိုဟ်တုမှပေးပို့သောပုံရိပ်များကို ခွဲခြမ်းစိတ်ဖြာကာ ရှေးဟောင်းသုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ယင်းဂြိုဟ်တုတွင် တပ်ဆင်အသုံးပြုသည့်ကင်မရာများမှာ ကမ္ဘာ့မြေမျက်နှာပြင်ရှိ အရာဝတ္ထုပစ္စည်းများ၏တည်နေရာကို အတိအကျရှာဖွေနိုင်ပြီး ပုံကိုလည်း တစ်မီတာနီးပါးအထိ အကြီးချဲ့ပြနိုင်သည့်အတွက် စွမ်းရည်မြင့်ကင်မရာများဖြစ်သည်။ ထို့အတူ မြေမျက်နှာပြင်အောက်ပိုင်းမှ အရာဝတ္ထုပစ္စည်းများကိုမူ အနီအောက်ရောင်ခြည်သုံးပုံရိပ်ဖမ်းခြင်းဖြင့် ခွဲခြားမှုပြုနိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

ကိုကင်း ကီလိုဂရမ် ၅၆၀ ကော်စတာရီကာရဲများ ဖမ်းဆီးရမိ

ဆန်ဂျို့စ် မေ ၂၆

ကော်စတာရီကာနိုင်ငံတွင် ခြံမွေးတိရစ္ဆာန် တင်ဆောင်လာသည့် ထရပ်ကားတစ်စီးအတွင်း ကိုကင်းကီလိုဂရမ် ၅၆၀ ကို ရဲများကဖမ်းဆီးရမိခဲ့ကြောင်း မေ ၂၅ ရက်က ထုတ်ပြန်သည့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ ကြေညာချက်တစ်စောင်တွင် ဖော်ပြထားသည်။

ဖမ်းဆီးရမိ

မြို့တော် ဆန်ဂျို့စ်၏ အနောက်မြောက် ကီလိုမီတာ ၁၉၀ ခန့်အကွာ ဂျူယန်နာကာစတီစီရင်စုအတွင်းရှိ လာခရု့ဇ် ကျေးရွာတွင် ထိုကိုကင်းများကို မေ ၂၄ ရက် ညနေပိုင်း၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဦးတည်မောင်းနှင်

ကော်စတာရီကာနိုင်ငံသားတစ်ဦး မောင်းနှင်ခဲ့သည့် ယင်းထရပ်ကားပေါ်တွင် ကိုကင်းထုပ်ကို မြက်ခြောက်ထုပ်များအောက်တွင်သိုဝှက်၍ နီကာရာဂွါမြို့သို့ ဦးတည်မောင်းနှင်လာစဉ် ရဲတပ်ဖွဲ့ဝင်များက ကြားဖြတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် ➢ စုစည်းသည်

တရုတ်နိုင်ငံ ကျန်စီပြည်နယ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား နှစ်ဦးသေဆုံး၊ ခြောက်ဦး ဒဏ်ရာရရှိ

ဖူကျို့ မေ ၂၆

တရုတ်နိုင်ငံ ကျန်စီပြည်နယ်အရှေ့ပိုင်းတွင် မေ ၂၆ ရက် နံနက်က ဗုံးပေါက်ကွဲမှုများဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ဖြစ်ပွားခဲ့

ဖြစ်ပွားမှုများမှာ ဖူကျို့မြို့ နေရာသုံးနေရာတွင် မေ ၂၆ ရက် နံနက် ၉ နာရီမှ ၁၀ နာရီအကြား ပေါက်ကွဲမှု သုံးကြိမ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဖူကျို့မြို့ လင်ချွမ်ခရိုင်ရှိ အုပ်ချုပ်ရေးရုံးအပါအဝင် ခရိုင်စားနပ်ရိက္ခာနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးရုံးများအနီးတွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာ နေရာများသို့ ချက်ချင်းရောက်ရှိလာပြီး ရှင်းလင်းရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဒဏ်ရာရရှိသူများအနက် တစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း၊ အနီးရှိ ရှစ်ထပ်ရုံး အဆောက်အအုံ အစိတ်အပိုင်းအချို့ ပျက်စီးခဲ့ပြီး မော်တော်ကားများလည်း ပျက်စီးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

မက္ကဆီကို၌ ပစ်ခတ်မှုဖြစ်ပွား ၂၈ ဦးသေဆုံး

မက္ကဆီကိုစီးတီး မေ ၂၆

မက္ကဆီကိုနိုင်ငံ နာယာရစ်မြို့ အဝေးပြေးလမ်းမပေါ်တွင် မေ ၂၅ ရက်က လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့အကြား အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ ၂၈ ဦးသေဆုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက မေ ၂၆ ရက်၌ ပြောကြားသည်။ (အောက်ပုံ)

တွေ့ရှိရ

လက်နက်ကိုင်အကြမ်းဖက်သမားများ ပစ်ထားခဲ့သော မော်တော်ယာဉ် ၁၀ စီးနှင့်အတူ သေဆုံးနေသောအလောင်း ၂၈ လောင်း တွေ့ရှိရကြောင်း၊ တစ်ဖန် ၄င်းတို့အနီး၌ ဒဏ်ရာရနေသူ လေးဦးကိုလည်း တွေ့ရှိရကြောင်း မက္ကဆီကိုလုံခြုံရေးတပ်ဖွဲ့ဝင်များက ပြောကြားသည်။

ထိုသို့ပစ်ခတ်တိုက်ခိုက်မှုသည် မူးယစ်ဆေးဝါးဂိုဏ်းများနှင့် ပတ်သက်မှုရှိကြောင်း၊ မက္ကဆီကိုနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့် ရာဇဝတ်မှုများ၊ ပစ်ခတ်မှုများကြောင့် သမ္မတ ဖီလစ်ပီကာလ်ဒီရွန်က အာဏာရပြီးနောက်ပိုင်း သေဆုံးသူ ၃၇၀၀၀ ခန့်ရှိနေပြီဖြစ်သည်။

(အင်တာနက်)

အိန္ဒိယ၌ လူနာတင်လေယာဉ်ပျက်ကျ၊ ၁၀ ဦးသေဆုံး

နယူးဒေလီ မေ ၂၆

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့အနီးတွင် မေ ၂၅ ရက်ညပိုင်းက လူနာတင်လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ ၁၀ ဦး သေဆုံးခဲ့ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

ပျက်ကျခဲ့

အဆိုပါ လေယာဉ်သည် ဘီဟာပြည်နယ်မှ အသက်အန္တရာယ် စိုးရိမ်ရသော လူနာတစ်ဦးအား နယူးဒေလီမြို့ဆေးရုံသို့တင်ပို့ရန် သယ်ဆောင်ပျံသန်းလာစဉ် နယူးဒေလီမြို့အနီး ဟာယာနာပြည်နယ်မြောက်ပိုင်း ဖရီဒါဘတ်မြို့ လူနေရပ်ကွက်ရှိ အိမ်တစ်လုံးပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ်မှ ခုနစ်ဦးစလုံး သေဆုံးပြီး ပျက်ကျခဲ့သည့် နေအိမ်မှ အမျိုးသမီးသုံးဦးလည်း သေဆုံးခဲ့သည်။

မီးလောင်ခဲ့

၄င်းလေယာဉ်သည် လေကြောင်း ထိန်းသိမ်းရေးဌာနနှင့် ရုတ်တရက်အဆက်အသွယ်ပြတ်တောက်ခဲ့ပြီး ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ပျက်ကျခဲ့သည့် နေအိမ်အစိတ်အပိုင်းအချို့ မီးလောင်ခဲ့ကြောင်း၊ လေယာဉ်ပျက်ကျသည့် အကြောင်းအရင်းကို စုံစမ်းလျက်ရှိကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

အရွယ်ရောက်ကလေးတိုင်း မူလတန်းပညာ သင်ယူနိုင်ရမည့် ပညာသင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်လာစေရန် ကြိုးပမ်း

ရန်ကုန် မေ ၂၆

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေး လုပ်ငန်းများကို ၁၉၉၉-၂၀၀၀ ခုနှစ် ပညာသင်နှစ်မှစ၍ နှစ်စဉ်မေလ နောက်ဆုံးရက်သတ္တပတ်ကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည့်အတွက် သူငယ်တန်းကျောင်းဝင်နှုန်းများသည် နှစ်စဉ်မြင့်မားလာပြီး ရာခိုင်နှုန်းပြည့်နီးပါး တိုးတက်လာပြီဖြစ်ကြောင်း၊ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း၏ မြင်သာသည့်မျှော်မှန်းချက်သည် နိုင်ငံသားအရွယ်ရောက်ကလေးတိုင်း မူလတန်းပညာပြီးဆုံးအောင် သင်ယူနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးများ သင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်လာစေရန် ကျောင်းနေနှုန်းမြင့်မားလာရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင် မိဘပြည်သူများ ပူးပေါင်းပြီး အင်တိုက်အားတိုက် ဆောင်ရွက်ကြရန် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက မေ ၂၅ရက် နံနက် ၁၀နာရီက စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနား၌ အမှာစကားပြောကြားသည်။

ပေးအပ်

ယင်းနောက် အလှူရှင်များ လှူဒါန်းသော အလှူငွေနှင့် စာရေးကိရိယာများကို လက်ခံပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက တိုင်းဒေသကြီးအတွင်း ကျောင်းနေရန် အခက်အခဲရှိသည့် ကလေးများအားထောက်ပံ့ငွေနှင့် စာရေးကိရိယာများကို ပေးအပ်ကြသည်။

အခမ်းအနားတွင် အလှူရှင်များက လှူဒါန်းသော အလှူငွေနှင့် ကျောင်းသုံးစာရေးကိရိယာ လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ်သိန်း ၁၀၀၀ ကျော် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေထံ အလှူရှင်တစ်ဦးက အလှူငွေနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင် ရေးသားသည်

ပါကစ္စတန်၌ အသေခံပုံးခွဲတိုက်ခိုက် အနည်းဆုံး ၂၅ ဦး သေဆုံး၊ ၅၀ ဒဏ်ရာရ

အစ္စလမ္မာဘတ် မေ ၂၆

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းရှိ ဟန်ဂူမြို့၌ မေ ၂၆ ရက် ညနေပိုင်းက အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၂၅ ဦးသေဆုံးပြီး အခြား ၅၀ ထိခိုက်ဒဏ်ရာရရှိသွားကြောင်း အဆိုပါမြို့သတင်းရပ်ကွက်က ဆင်ဟွာသို့ သတင်းပေးပို့ခဲ့သည်။

သတင်းပို့

ယင်းပေါက်ကွဲမှုသည် ခိုဟတ်လမ်းပေါ်ရှိ ခရိုင်ရဲအရာရှိရုံးအနီး၌ ဖြစ်ပွားကြောင်း၊ သေဆုံးသူများထဲတွင် ရဲတပ်ဖွဲ့ဝင် ၁၀ ဦးပါရှိကြောင်း သတင်းထောက်အဗ္ဗဒူလ်ရာမန်က ဆင်ဟွာသို့ ဖုန်းဖြင့်သတင်းပို့သည်။

ပျက်စီး

ယင်းဗုံးပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိ ဈေးဆိုင် ၁၅ ဆိုင်နှင့် ဟိုတယ်ငယ်တစ်လုံး လုံးဝပျက်စီးသွားကြောင်း၊ ယင်းဟိုတယ်ဝန်းကျင်ရှိ ဆိုင်ခြောက်ဆိုင်လည်း ပြိုကျသွားခဲ့ကြောင်း၊ လူအများအပြား အပြိုအပျက်များ အောက်၌ စိုးရိမ်ကြီးစွာ ပိနေကြောင်း ၎င်းကပြောကြားသည်။ သို့သော် ယင်းတိုက်ခိုက်မှုသည် မည်သူမည်ဝါ၏လက်ချက်ဖြစ်ကြောင်း ချက်ချင်း မသိရသေးဟုဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ဗုံးပေါက်ကွဲ

အစ္စတန်ဘူလ် မေ ၂၆

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့လယ်၌ မေ ၂၆ ရက်က ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အမျိုးသမီးတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွား

အဆိုပါဗုံးသည် အစ္စတန်ဘူလ်မြို့၌ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် အမှိုက်ပုံးတစ်ပုံးအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲမှုကြောင့် အနီးရှိဘတ်စ်ကားနှစ်စီးနှင့် အခြားကားတစ်စီးလည်း ပျက်စီးသွားခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မက္ကဆီကို၌ အကျဉ်းထောင်ဖောက်မှုဖြစ်ပွား အကျဉ်းသား ၁၇ ဦးထွက်ပြေး

မက္ကဆီကိုစီးတီး မေ ၂၆

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ကာမူလီပတ်စ်ရှိ ရီနိုဆာမြို့တွင် အကျဉ်းထောင်တစ်ခုမှ အကျဉ်းသား ၁၇ ဦး ထောင်ဖောက်ထွက်ပြေးသွားခဲ့ကြောင်း ကာမူလီပတ်စ်ပြည်သူ့လုံခြုံရေးဌာနက မေ ၂၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ထွက်ပြေး

၎င်းအကျဉ်းသားများသည် လုံခြုံရေးအစောင့်အကြပ်များ တာဝန်ချိန်အပြောင်းအလဲပြုလုပ်သည့် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ၌ လျှို့ဝှက်ဖောက်လုပ်ထားသော ဥမင်လိုဏ်ခေါင်းတစ်ခုမှဖြတ်ပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့ခြင်းဖြစ်ကြောင်း အစိုးရထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ယင်းဖြစ်ရပ်ကြောင့် အကျဉ်းထောင်ညွှန်ကြားရေးမှူးနှင့် လုံခြုံရေးအစောင့်အကြပ် ရှစ်ဦးအား ထိန်းသိမ်းထားခဲ့ကြောင်း၊ အဆိုပါ ဥမင်လိုဏ်ခေါင်းသည် ထောင်အဝတ်လျှော်ဌာနမှစပြီး အကျဉ်းထောင်၏ အပြင်ဘက်သို့ ဦးတည်ဖောက်လုပ်ထားကြောင်း၊ အကျဉ်းထောင်၏ လုံခြုံရေးကို ဗဟိုရဲအရာရှိများနှင့် စစ်သားများက စောင့်ကြပ်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မုန်တိုင်းတိုက်ခတ်မည့်အခြေအနေကြောင့် ချီကာဂိုလေဆိပ်၌ လေယာဉ်ခရီးစဉ် ၄၀၀ ဖျက်သိမ်း

ချီကာဂို မေ ၂၆

အမေရိကန်နိုင်ငံ ချီကာဂိုမြို့ရှိ အိုဟာရီနိုင်ငံတကာလေဆိပ်၌ မိုးသည်းထန်ပြီး လေမုန်တိုင်းများတိုက်ခတ်မည့် အခြေအနေကြောင့် မေ ၂၅ ရက်က လေကြောင်းခရီးစဉ် ၄၀၀ကျော် ဖျက်သိမ်းလိုက်ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

စောင့်ကြည့်ခဲ့ရ

အဆိုပါလေဆိပ်ကြီး၌ လေယာဉ်အဝင်အထွက်များ ရပ်ဆိုင်းလိုက်ရကြောင်း၊ အနီးဝန်းကျင်ဒေသများ၌ လေဆင်နှာမောင်းတိုက်ခတ်မည့် အခြေအနေကိုလည်း စောင့်ကြည့်ခဲ့ရကြောင်း လေကြောင်းတာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်

ရန်ကုန် မေ ၂၆

နိုင်ငံခြားရေး ဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၂၆/၂၀၁၁) ဖွင့်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ကြာမြင့်မည်

အဆိုပါ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၁၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၁၁) ဖွင့်ပွဲ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၌ ကျင်းပ

ပုသိမ် မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပသည်။

ဖတ်ကြားရှင်းလင်း

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမြင့် **(အပေါ်ပုံ)** က အမှာစကားပြောကြားပြီး အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၁) ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာဖေသက်ခင်၏ မှာကြားချက်များကို ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးကိုကိုက ဖတ်ကြားရှင်းလင်းခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

တာမွေမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ ကူညီပံ့ပိုးမှုဖြင့် (၆၅) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ သွေးလှူရှင်များနှင့် စစ်ရေးပြစစ်ကြောင်းများတွင် ပါဝင်ခဲ့ကြသည့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကို မေ ၂၀ ရက်က မြို့နယ်တပ်ရင်းရုံး၌ ကျင်းပရာ ဒုတိယတပ်ရင်းမှူး ဦးမြဲအောင်က စစ်ရေးပြတွင် ပါဝင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။ (ဝ၄၄)

ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး ကြည့်မြင်တိုင်မြို့နယ်၌ ဆောင်ရွက်

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ခြင်း အခမ်းအနားကို မေ ၂၂ ရက် နံနက်က အထက(၂) ကြည့်မြင်တိုင်၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး၊ မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်တို့ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများက ကျောင်းအတွင်းရှိ ရေကန်များကို အဘိတ်ဆေးခတ်ခြင်း၊ ခြင်ခိုအောင်းနိုင်မည့်နေရာများအား ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** (ဝ၄၂)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ ဂျော့ဂျ်တောင်းတက္ကသိုလ်မှ ပါမောက္ခ David I. Steinberg လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်ပြည်ထောင်စုမှ ဧည့်သည်လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ ဂျော့ဂျ်တောင်းတက္ကသိုလ်မှ ပါမောက္ခ David I. Steinberg သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာပံ့ပိုးကူညီရေး ကိစ္စရပ်များနှင့် ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် မဟာမြိုင်ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်နေဆဲ ဘဏ္ဍာဂါရ သုံးထပ်ကျောင်းဆောင်တော်ကြီးအတွက် ကွယ်လွန်သူ မိခင်ကြီး ဒေါ်စန်းရီ (မဆယ်ဆိပ်ရွာ)၏ (၁၂)နှစ်ပြည့် ကောင်းမှုကုသိုလ်အဖြစ် (ကဆုန်လပြည့်နေ့)က သမီးဖြစ်သူ ဒေါ်အေးအေးစိုး(ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်) က အလှူငွေကျပ် ၁၂၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံရွှေ လက်ခံယူစဉ်။ (မြန်မာ့အလင်း)

တနင်္သာရီတိုင်းဒေသကြီး မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်ရမည်
နှစ်အလိုက် လျာထားချက်ပြည့်မီအောင်စိုက်ပျိုး

နေပြည်တော် မေ ၂၆

တနင်္သာရီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်သည် မေ ၂၃ ရက် ညနေပိုင်းတွင် ယုဇနဆီအုန်းခြံ၏ ၂၀၁၁ ခုနှစ် ဆီအုန်းစိုက်ပျိုးရာသီ ဆီအုန်းပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆီအုန်းပင်ကို စိုက်ပျိုးပေးပြီး ကရသူရိမြို့နယ်ခွဲရှိ ပိုကောင်းဆီအုန်းခြံ၌ ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ယုဇနဆီအုန်းစက်ရုံသို့ ရောက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီး ဖြစ်ရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြရန်၊ နှစ်အလိုက် လျာထားချက်အတိုင်း ပြည့်မီအောင် စိုက်ပျိုးရန်၊ ပျိုးထောင်ထားသည့် အပင်အရေအတွက်အတိုင်း နှစ်အလိုက် တောခုတ်တောရှင်း၍ စိုက်ပျိုးရန်၊ ခြံလုပ်သား ဝန်ထမ်းများ၏ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို တိုးတက်သည်ထက် တိုးတက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားပြီး ဆီကြိတ်စက်ရုံအတွင်း လှည့်လည်စစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ မေ ၂၄ ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့နယ်ခွဲ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ခမောက်ကြီး မြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်း၌ မိုးကျော်ကုမ္ပဏီက တည်ဆောက်နေသော အလျားပေ ၁၂၀ နှင့် အနံပေ ၃၀ ရှိ ကျောင်းဆောင်ကို ကြည့်ရှုစစ်ဆေးပြီး ခမောက်ကြီး မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ခွဲဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကော့သောင်းမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံ၌ကုသနေသော သံဃာတော်များနှင့် လူနာများအား လှည့်လည်ကြည့်ရှုအားပေး၍ အလှူငွေများ ထောက်ပံ့ပေးအပ်ကာ ခါတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ Ultrasound ခန်း၊ မျက်စိကုသခန်း၊ ဆေးစတိုခန်းနှင့် ခွဲစိတ်ခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေး မိဘဆရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်

နေပြည်တော် မေ ၂၆

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် မေ ၂၄ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်တရားလွှတ်တော်ရုံး၌ တရားရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဥပဒေလုပ်ထုံးလုပ်နည်း၊ တရားစီရင်ထုံးများကို ကျေညက်စွာ ဖတ်မှတ်လေ့လာထားရန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ချမှတ်ပေးသည့် တရားစီရင်ရေးဆိုင်ရာ မူဝါဒများကို တိတိကျကျ မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တည်ဆောက်ပြီးစီးသော ပြည်နယ်တရားလွှတ်တော်ရုံး တိုးချဲ့ဆောင်သစ်ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၂၅ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မော်လမြိုင်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားသို့ တက်ရောက်၍ လူတိုင်းအတွက် ပညာရေး (Education for all) ဖြစ်ရန် နိုင်ငံတော်က မူလတန်းပညာပြီးမြောက်အောင်မြင်သည်အထိ သင်ယူနိုင်ရန် မသင်မနေရ ပညာရေးစနစ်ကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေးအတွက် မိဘဆရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

တက်ရောက်

ပြည်နယ်ဝန်ကြီးချုပ်သည် ယနေ့နံနက် ၈ နာရီတွင် မော်လမြိုင်သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသော သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အပတ်စဉ်(၃၆) သူနာပြုဒီပလိုမာ ဦးဆောင်း/ဝတ်စုံ အပ်နှင်းပွဲနှင့် အပတ်စဉ်(၅၉) ဘက်စုံသားဖွားသစ်လွင် ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ဒေါ်မြမြညိုက ဦးဆောင်း/ဝတ်စုံ အပ်နှင်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနှင့် တာဝန်ရှိသူများက အပတ်စဉ်(၃၆) သူနာပြုဒီပလိုမာသင်တန်းသား သင်တန်းသူများအား ဦးဆောင်း/ဝတ်စုံများကို အပ်နှင်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးတို့က သင်တန်း၌ ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက မော်လမြိုင်သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၃ ရက်က အထက(၁) မြဲရောခန်းမ၌ကျင်းပရာ အထက(၅) ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးမြင့် (နယူးရွှေစင်စိန်ရွှေရတနာဆိုင်ပိုင်ရှင်)က ကျောင်းသားကျောင်းသူလေးများအတွက် ဗလာစာအုပ်ဒါဇင် ၅၀ ကို လှူဒါန်းရာ တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်း လက်ခံယူစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းအတိုအထွာ

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးကျင်းပသော ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို မေ ၂၈ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉) ရှိ UMFCCI Office Tower (ပထမထပ်)ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ယင်းဟောပြောပွဲတွင် Asian Institute for Technology (AIT) - Bangkok မှ The CSR Asia Center at AIT ၏ Director ဖြစ်သော Ms. Leena WOKECK က '' Responsible Business Practices for Sustainable Development" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး အဆိုပါဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များအား ဖိတ်ကြားထားကြောင်းနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။ *(ကုန်သည်/စက်မှုအသင်းချုပ်)*

မင်္ဂလာဈေးတတိယထပ်၌ ဈေးရောင်းခွင့်ပြုတော့မည်

ရန်ကုန် မေ ၂၆

၂၀၁၀ ခုနှစ် မေ ၂၄ ရက်က မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှု စံချိန်တင်ခဲ့သော ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မင်္ဂလာဈေး၏ တတိယထပ်ကို မကြာမီ ပြန်လည်ဖွင့်လှစ် ရောင်းချခွင့်ပြုမည်ဖြစ်ရာ ဆိုင်ခန်းပိုင်ရှင်များသည် မိမိတို့ပိုင်ဆိုင်သည့် ဆိုင်ခန်းများကို ဈေးတာဝန်ခံနှင့် ဆက်သွယ်၍ လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။

မီးလောင်ခံရပြီးနောက် မြေညီထပ်နှင့် ဒုတိယထပ်တို့ရှိဆိုင်ခန်းများကို ၁၂-၉-၂၀၁၀ ရက်တွင် ပြန်လည်ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့ပြီး စတုတ္ထထပ်နှင့် ခေါင်မိုးထပ်များကို မကြာမီ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အသည်းကင်ဆာရောဂါအကြောင်း ဆွေးနွေးမည်

ရန်ကုန် မေ ၂၆

စင်ကာပူနိုင်ငံရှိ Sing Health ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့ကြီး၏ ဆေးရုံတစ်ရုံဖြစ်သော စင်ကာပူ အထွေထွေရောဂါကုဆေးရုံကြီးမှ အသည်းအထူးကုဆရာဝန်ကြီး Prof. Pierce Chow နှင့် ကင်ဆာအထူးကုသမားတော်ကြီး Dr. Toh Han Chong တို့က အသည်းကင်ဆာရောဂါ၏ နောက်ဆုံးပေါ် ကုထုံးများအကြောင်းကို မေ ၃၁ ရက်တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ရှင်းလင်းဆွေးနွေးမည်ဖြစ်ရာ အဆိုပါ ဆွေးနွေးပွဲတွင် ရန်ကုန်မှ အသည်းအထူးကုသမားတော်ကြီး ပါမောက္ခ ဒေါက်တာဦးခင်မောင်ဝင်းက သဘာပတိအဖြစ် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

စာရင်းပေးသွင်းနိုင်

ဆွေးနွေးပွဲအပြီး၌ ဆရာဝန်ကြီးများက ရောဂါနှင့်ပတ်သက်၍ အခမဲ့ တိုင်ပင်ဆွေးနွေးခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများနှင့် ဆရာဝန်ကြီးများနှင့် တွေ့ဆုံလိုသူများသည် Careforever Services Co.,Ltd. ဖုန်း-၀၉-၅၁၆၆၂၄၀၊ ၀၉-၈၆၂၅၄၄၃၊ ၀၉-၇၃၁၁၃၀၉၂ တို့ထံသို့ ကြိုတင်စာရင်းပေး ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

သာသနာရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ချီးမြှင့်

နေပြည်တော် မေ ၂၆

သာသနာရေးဝန်ကြီးဌာန၏ ၂၀၁၁ခုနှစ် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အတွက် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေနှင့် (၁၅)ကြိမ်မြောက် ဝန်ထမ်းထောက်ပံ့ကြေးနှင့် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ချီးမြှင့်ငွေ ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးထံ ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ်ချီးမြှင့်လှူဒါန်းငွေနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းကြသည်။

ချီးမြှင့်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၁ခုနှစ်အတွက် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ဝန်ထမ်း ငါးဦးတို့အား တစ်လုံးတစ်ခဲတည်း ဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဌေးက ဌာနအလိုက် ဝန်ထမ်းထောက်ပံ့ကြေးများကို တာဝန်ရှိသူများထံ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်ထံ အလှူရှင်များကိုယ်စား တာဝန်ရှိသူများက ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ် ချီးမြှင့်လှူဒါန်းငွေ ပေးအပ်စဉ်။ (သတင်းစဉ်)

ကော့သောင်းမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်စစ်ဆေး

နေပြည်တော် မေ ၂၆

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၂၃ ရက်က ကော့သောင်းမြို့နယ် (၂၂)မိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အခြေခံပညာမူလတန်းကျောင်း ဥပစိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘိလပ်မြေအိတ် ၁၀၀ ထောက်ပံ့ကူညီပြီး ယုဇနကုမ္ပဏီကလည်း လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ကာ ပြုပြင်မွမ်းမံဆောက်လုပ်ပေးသွားမည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယုဇနကုမ္ပဏီကတိုးချဲ့ပြင်ဆင်ပေးခဲ့သော မလိဝမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအဆောက်အအုံနှင့် ရွှေတောင်ဦးပရဟိတကျောင်း၌ ကလေးများ စာသင်ကြားနိုင်ရန် ယုဇနကုမ္ပဏီက ဆောက်လုပ်လှူဒါန်းခဲ့သော အာရ်စီအုတ်ညှပ် နှစ်ထပ်ကျောင်းဆောင်သစ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသော ကြက်ခြေနီအသင်းကို ပံ့ပိုးဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများနှင့်ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ မေ ၁၁ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဦးဉာဏ်ထွန်းဦး အမှာစကားပြောကြားစဉ်။ (ဝ၅၂)

ရေတာရှည်မြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း

ရေတာရှည် မေ ၂၆

ရေတာရှည်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်း၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးဟန်ညိန်းနှင့် ဝန်ထမ်းများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမြို့နယ်မန်နေဂျာဦးတင်ဝင်းနှင့် ဝန်ထမ်းများသည် မေ ၂၀ရက် နံနက် ၈နာရီက ရေတာရှည်မြို့နယ် ကုန်းကြီးကျေးရွာအုပ်စု ကွင်းအမှတ် (၆၂၅) ပြီစုတ်ကွင်း ဦးပိုင်အမှတ် (၁၄၂/၁) တောင်သူဒေါ်ပုစိုက်ပျိုးထားသောဆင်းသုခစပါးမျိုး ၅ ဒသမ ၃၁ ဧကတွင် တစ်ဧကအထွက်နှုန်း မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းကြသည်။ **(အောက်ဝဲပုံ)** အဆိုပါစံကွက်ရိတ်သိမ်းရာတွင် (ကောင်း) အဆင့် တစ်ဧကအထွက်နှုန်း ၁၁၈ဒသမ ၉၀ တင်းနှုန်း ထွက်ရှိကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာက တောင်သူများအား စပါးတစ်ဧက တင်း ၁၀၀ နှုန်း အထက်ထွက်ရှိရေးလိုက်နာလုပ်ဆောင်ရမည့် သိပ္ပံနည်းကျစိုက်ပျိုး နည်းစနစ် ၁၄ ချက်ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေကြည်မြို့နယ်ဘုရားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မေ ၁၅ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စက်ရေတွင်းနှင့်ရေသန့်စက်ဖွင့်ပွဲ ဝါးခယ်မမြို့နယ်၌ ကျင်းပ

ဝါးခယ်မ မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကြီးနီစုကျေးရွာတွင် မေ ၂၂ ရက် နံနက်၉နာရီက စက်ရေတွင်းနှင့် ရေသန့်စက်ဖွင့်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ကိုယ်စား ဒေါက်တာခိုင်သန္တာမိုးနှင့် ကျန်းမာရေးမှူး ဦးကြည်ညွှန့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အဆိုပါ စက်ရေတွင်းနှင့် ရေသန့်စက်၏ တန်ဖိုးမှာ ငွေကျပ် ၃၇၂၄၃၅၀ ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၂၆

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။ ဆောင်းပါးပြိုင်ပွဲကို မြတ်နိုးစရာ မေမြန်မာ ပြည်ရွာအကျိုးဆောင်သယ်ပိုးဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည် ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြခြင်း မရှိသေးသည့် စာမူများအား စာလုံးရေ သုံးထောင်မှငါးထောင်အထိ ရေးသား၍ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀လက်မ×၁၄လက်မ) တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာ အမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက် ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကိုသဘောတူခွင့်ပြုရမည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲ ပေးပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၅ ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၁၇ရက် ညနေ၄နာရီ နောက်ဆုံးထား၍လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၅	၃။	နိုင်ငံတော်သီချင်း
၇:၁၀	၄။	တရားတော်
၇:၁၅	၅။	ဓမ္မပူဇာတေး
၇:၂၀	၆။	မျိုးချစ်တပ်မတော်
၇:၂၅	၇။	မြန်မာ့ရှုခင်း
၇:၃၀	၈။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၃။	အပိတ်နှုတ်ဆက်စကား

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၅	၃။	နိုင်ငံတော်သီချင်း
၄:၁၀	၄။	အဖွင့်သီချင်း
၄:၁၅	၅။	မျိုးချစ်တပ်မတော်
၄:၂၀	၆။	မဟာဂီတချိုကြည်မြ
၄:၃၀	၇။	မြန်မာစာ မြန်မာစကား (အပိုင်း-၈)
၄:၃၅	၈။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၅	၁၀။	အိုင်စီတီသုတ
၅:၀၀	၁၁။	အားလုံးရဲ့တာဝန်
၅:၁၀	၁၂။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀	၁၃။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၁၂)
၆:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၅။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၆။	**ရွှေ**ဟာသဇာတ်လမ်းတွဲ
၆:၄၅	၁၇။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း-၂၅)
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဒို့တာဝန်အရေးသုံးပါး
	၂၂။	နိုင်ငံတကာသတင်း
	၂၃။	မိုးလေဝသသတင်း
	၂၄။	စိုက်ပျိုးသုတ
	၂၅။	**သံစဉ်များနှင့်ကမ္ဘာ**
	၂၆။	မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
	၂၇။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း-၄)
	၂၉။	ကမ္ဘာ့တစ်ခွင်ခရီးစဉ်
	၃၀။	သင့်အတွက်မနက်ဖြန်

မောင်းလျှင် မမူးနှင့် မူးလျှင် မမောင်းနှင့်

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၏

လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ စတုတ္ထနေ့ကျင်းပ

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ စတုတ္ထနေ့ကို နေပြည်တော်ရှိ လွှတ်တော်ရုံးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၆

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ၊ တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ စတုတ္ထနေ့အဖြစ် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရုံးခန်းမ၌ ဆက်လက်ကျင်းပသည်။

ဆွေးနွေးပြောကြား

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းတို့က လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် အခမ်းအနားမှူးက ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော် ကော်မတီဝင်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများတင်ပြသည့် စာတမ်းခေါင်းစဉ်များကို ဖတ်ကြားတင်ပြသည်။

သုံးသပ်ဆွေးနွေး

ဆက်လက်၍ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက စာတမ်းခေါင်းစဉ်များနှင့် လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို သုံးသပ်ညှိနှိုင်း ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ၏ သုံးသပ်ဆွေးနွေးမှုများအပေါ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က ခြုံငုံသုံးသပ်ဆွေးနွေးပြောကြားပြီး စတုတ္ထနေ့ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အင်္ဂပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ဝင်ဆိုင်းဘုတ် မြေယာရှုခင်းနှင့် ဝေန်ရောလမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာ ချုံနွယ်များ ရှင်းလင်းခြင်း လုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးခင်မောင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

မိခင်လောင်းတို့ သိကောင်းစရာအဖြာဖြာ

ပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၂၆

မိခင်လောင်းတို့ သိကောင်းစရာအဖြာဖြာ ဟောပြောပွဲအခမ်းအနားကို မေ ၂၁ ရက်က Summit Park View Hotel တွင် ကျင်းပရာ **(အောက်ယာပုံ)** အခမ်းအနားတွင် သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာ မေသူမျိုးညွန့်က မိခင်လောင်းများအတွက် 'မိခင်လောင်းဘဝ ခရီးကိုးလ' အကြောင်းကို ဟောပြောဆွေးနွေးခဲ့ပြီး Mo ASIA Co.,Ltd.- Dumex မှ ဒေါက်တာနှင်းနှင်းယုက 'ကိုယ်ဝန်ဆောင်နှင့် အာဟာရ' အကြောင်းကို ရှင်းလင်းပြောကြားသည်။

မေးမြန်းဆွေးနွေး

ယင်းအခမ်းအနားသို့ တက်ရောက်လာသော Dumex World Member များ၊ Mama Club Member မိခင်များနှင့် ဖိတ်ကြားထားသော မိခင်လောင်းများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

*** ရှေ့ဖုံးမှ**

နိုင်ငံတော်သမ္မတဦးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

မစ္စတာ ဗလာဒီမီယာ ဟယ်လ်ဂတ်စ်အား စလိုဗက်နိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

နေပြည်တော် မေ ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော စလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဗလာဒီမီယာ ဟယ်လ်ဂတ်စ်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

တာဝန်ထမ်းဆောင်

မစ္စတာ ဗလာဒီမီယာ ဟယ်လ်ဂတ်စ်သည် ၁၉၅၅ ခုနှစ်တွင် ဘန်စကာ ဘိုင်စထရီကာမြို့၌ မွေးဖွားခဲ့ပြီး မော်စကိုမြို့ နိုင်ငံတကာ ဆက်ဆံရေး တက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာဥပဒေဘွဲ့ ရရှိခဲ့သည်။ သူသည် ၁၉၇၉ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေး ဝန်ကြီးဌာန ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံနှင့် ဖင်လန်နိုင်ငံ တို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် ၂၀၀၂ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ အိုင်ယာလန်နိုင်ငံတွင် စလိုဗက်သံအမတ်ကြီး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။သူသည် ယခုအခါ ထိုင်းနိုင်ငံဆိုင်ရာ စလိုဗက်သံအမတ်ကြီး အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဗလာဒီမီယာ ဟယ်လ်ဂတ်စ်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဆိုင်ရာ စလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန် ထမ်းဆောင်မည်ဖြစ်သည်။ သူသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သမီးနှစ်ဦးရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**အမေ့ဖြစ်အင်မြင်စေချင်** တရားတော် (ညောင်ကန်ဆရာတော် အရှင်ဣန္ဒက)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၆)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၄)
၈:၅၀	**ဘဝဆည်းဆာအလှူရှင်များ၏ နားခိုရာ**
၉:၀၅	Activities in the City [အထက(၂)စမ်းချောင်း ကျောင်းသူလေးများ၏ သီလရှင်ဝတ်ပွဲ]
၉:၁၅	ကြည်ညိုစွာဖူးမြော် ဆုတောင်းပြည့် သဗ္ဗဇယအောင်စေတီတော်
၉:၃၀	Movie Talk (ရုပ်ရှင်စကားဝိုင်းအညွှန်း)(အပိုင်း-၇)
၁၀:၀၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ ဒေါက်တာနိုက်တင်ဂေးနှင့် ဆွေးနွေးခန်း
၁၀:၁၅	ဖောင်ကြီး အထက၏ မြင့်မြတ်ပေစွဆရာ့ဘဝ
၁၀:၃၀	ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာကောင်းမြတ် Evening Gown Collection)
၁၀:၅၅	သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် စန္ဒာဝင်း)
၁၁:၂၅	ပါမောက္ခ ခင်မောင်ဝင်း (အသည်း) ရှင်းလင်းတင်ပြသော အသည်းခြောက်ရောဂါ (အပိုင်း-၃)
၁၁:၄၅	MRTV -4 ကာတွန်းအစီအစဉ်
၁၂:၁၅	မြန်မာအက္ခရာအသုံးပြုနိုင်သော CDMA Mobile Phone
၁၂:၃၅	ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန DMA 55-56 BATCH မြတ်ဆရာပူဇော်ပွဲ
၁:၀၀	**အမေ့ဖြစ်အင်မြင်စေချင်** တရားတော် (ညောင်ကန်ဆရာတော် အရှင်ဣန္ဒက)
၂:၀၀	MRTV-4 သတင်း
၂:၂၀	Style ရှိမှ Star ဖြစ်မယ်
၃:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၆)
၄:၁၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၄)
၅:၀၅	NIBBAN Dealer's Night
၅:၂၅	အနာဂတ်အတွက် လမ်းပြမီးအိမ်
၅:၃၅	MNL Preview
၆:၀၀	MRTV-4 သတင်း
၆:၂၀	ရန်ကုန်မြင်ကွင်းကျယ် (ISO 9001; 2008 Certificate Presentation Ceremony of Pan Hlaing Hospital)
၆:၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၁၇)
၇:၂၀	The Champion of Dance
၈:၀၀	MRTV-4 သတင်း
၈:၃၀	Activities in the City (မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၁ မှ MSI)
၈:၄၀	ဂီတသရုပ်ပြခန်း [ဇင်မင်းခန့် (NG2K ဗီးနပ်(စ်)နဲ့ အချစ်)]
၉:၁၀	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၅)
၁၀:၂၀	VJ Choice
၁၀:၅၀	ဒွါဒသမတိပိဋကဓရ၊ တိပိဋကကောဝိဒဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ မွေးဖွားတော်မူရာ (ဝက်လက်မြို့နယ်၊ ဆင်နှင်းကျေးရွာ)
၁၁:၀၅	World of Knowledge (Salvage Code Red Fire Storm)
၁၂:၀၀	မွန်တို့မြေမှ ရှေးဟောင်းအမွေအနှစ်တို့ တည်ရှိရာ
၁၂:၂၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ယုံးယုံး)
၁၂:၄၀	မြို့အလှဂုဏ်ကြွယ်… ရိုးရာစားဖွယ်
၁၂:၅၀	လှပသစ်ဆန်း အလှပြင်ခန်း (Hello)
၁:၁၀	ဘဝအမောပြေ ပျော်ရွှင်ဖို့ သီချင်းလေးတွေ ဆိုကြစို့
၁:၃၀	Shooting Location (ဆရာမအိမ်)
၁:၄၅	ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၂:၀၀	အိုက်ကီဒိုနှင့်သမီးပျို
၂:၁၅	ထင်ရှားကျော်ကြား ရွှေဘိုပေါ်ဆန်း ဘေးကြား
၂:၃၀	သာယာလှပ တောင်ပေါ်ညောင်ရွှေမှ စမ်းသပ်အောင်မြင် ပုစွန်ကန်ရေပြင်
၂:၅၀	မြန်မာ့လက်မှု အနုပညာ (ထန်းပန်းချီ၊ ကျောက်စီပန်းချီ)
၃:၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅	မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
၄:၄၅	ဘွဲ့အမည်နာမတော် သုံးမျိုးနဲ့ ထင်ပေါ် ဘုရင်ညီနောင်ရတနာ လိုဏ်ဂူတော်
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လော်ကားဥယျာဉ် ပိတ်ရက်မရှိ နေ့စဉ်ဖွင့်မည်

ရန်ကုန် မေ ၂၆

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ သစ်တောဦးစီးဌာန လော်ကား ဥယျာဉ်ကို အများပြည်သူအပန်းဖြေ အနားယူရန် အခွင့်အလမ်း ပိုမိုရရှိစေရေးအတွက် ဇွန် ၁ ရက်မှစ၍ ပိတ်ရက်မရှိ နေ့စဉ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Dr. Villur Sundararajan Seshadri** လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၆

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကျော်ညွန့်နှင့် ဗိုလ်မှူးကြီးအောင်သော်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၆

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကင်မ်ဟေးယွန်သည် မေ ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(ယာပုံ)** စွမ်းအင်ကဏ္ဍဆိုင်ရာ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပဥ္စမအကြိမ် မြန်မာ-ကိုရီးယား စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ သယံဇာတအရင်းအမြစ်များ အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေး ကျင်းပရေးနှင့် မြန်မာနိုင်ငံ စွမ်းအင်ကဏ္ဍ၌ ကိုရီးယားကုမ္ပဏီများ ပိုမိုပါဝင်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိရသည်။

(သတင်းစဉ်)

ဖိတ်ခေါ်လက်ဝှေ့ ယှဉ်ပြိုင်ရန် လက်ရွေးစင်အသင်း ထွက်ခွာ

ရန်ကုန် မေ ၂၆

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ GUI YANG မြို့၌ မေ ၂၉ ရက်မှ ဇွန် ၃ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်လက်ဝှေ့ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးနေဇော် ခေါင်းဆောင်သည့် မြန်မာ့လက်ရွေးစင် လက်ဝှေ့အသင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

မြန်မာ့လက်ရွေးစင် လက်ဝှေ့အသင်းတွင် နည်းပြဆရာများအဖြစ် မြန်မာ့လက်ရွေးစင် လက်ဝှေ့သမားဟောင်းများဖြစ်ကြသော ဦးစိုးစိုးနှင့် ဦးမြင့်ထွန်း၊ လက်ဝှေ့သမားများအဖြစ် ဝေဖြိုးထွန်း (၄၉-ကီလိုတန်း)၊ မောင်မောင်သန့် (၅၂-ကီလိုတန်း)၊ စောကြီးနိုး (၅၆-ကီလိုတန်း)၊ ရဲနိုင် (၆၀-ကီလိုတန်း)၊ ဝေလင်းအောင် (၆၄-ကီလိုတန်း)၊ အောင်ကိုကို(၇၅-ကီလိုတန်း)၊ အမျိုးသမီးလက်ရွေးစင်များဖြစ်ကြသော နှင်းမိုမိုနိုင်(၅၁-ကီလိုတန်း)နှင့် ကြူကြူလှိုင်(၆၀-ကီလိုတန်း)တို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲမြို့များသို့တိုင် ခရီးနှင်နိုင်သည့် ဆိပ်ကမ်းဖြစ်၍ နေ့စဉ် အချိန်နှင့်အမျှ ခရီးသွားပြည်သူတို့ စည်ကားနေခြင်းဖြစ်သည်။

ကြီးကြပ်

မြန်မာ့အလင်းသတင်းအဖွဲ့သည် ခရီးသွားပြည်သူများ စည်းကမ်းတကျရှိရေးနှင့် ဘေးအန္တရာယ်လုံခြုံရေးအတွက် ဆောင်ရွက်ထား

“အခုလို မိုးရာသီမှာဆို အထူးသတိထားသွားလာနေရပါတယ်”

ဦးမြင့်အောင်
ခရီးသည်
အုံ့ကြီးအနောက်ရပ်ကွက်

မှုကို ရေကြောင်းပို့ဆောင်ရေး တိုင်းရုံးမှ တိုင်းမန်နေဂျာ ဦးသူရိန်ဝင်းအားမေးမြန်းရာ **“ရန်ကုန်ဘက်ခြမ်းနဲ့ ဒလဘက်ခြမ်း ဆိပ်ကမ်းနှစ်ခုမှာ တိုင်းရုံးက တာဝန်ရှိသူများကိုယ်တိုင် အပတ်စဉ်အလိုက် အလှည့်ကျတာဝန်ယူပြီး ကြီးကြပ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဆိပ်ကမ်း အဆင်း၊ အတက်ကအစ အန္တရာယ်မဖြစ်ဖို့ သတိပေးလမ်းညွှန်နေပါတယ်။ မြစ်ကို သင်္ဘောဖြတ်ကူးစဉ် မထင်မှတ်တဲ့အန္တရာယ်တွေ တွေ့ကြုံလာမယ်၊ သဘာဝဘေးအန္တရာယ်တွေ ကျရောက်လာနိုင်မယ်ဆိုရင် ခရီးသွားပြည်သူတွေရဲ့ အသက်အန္တရာယ်အတွက် ကူးတို့သင်္ဘောတိုင်းမှာ သက်ကယ်ဖောကွင်း၊ သက်ကယ်ဖောင်၊ သက်ကယ်အင်္ကျီတွေ အဆင်သင့်ထားရှိပါတယ်။ နှင်းတွေ ထူထပ်နေမယ်၊ မုန်တိုင်းကျဖို့ ရှိမယ်ဆိုရင် သင်္ဘောကူးသန်းမှု ခေတ္တရပ်ဆိုင်းပြီး အန္တရာယ်ကင်းလို့ ခွင့်ပြုချက်ရမှ ပြန်လည်ကူးသန်းမှု ပြုပါတယ်”** ဟု ပြောပြသည်။

သတိပေး

ဆက်လက်၍ **“ကျွန်တော်တို့အနေနဲ့ ခရီးသွားပြည်သူတွေ အခုလို မိုးရာသီမှာ အထူးသတိပေးချင်တာကတော့ ကူးတို့သင်္ဘော လုံးဝရပ်မှ ဆင်းကြပါ၊ တာဝန်ရှိသူတို့က အကာအရံကို ဖယ်ရှားပေးပြီးမှသာ ဆင်းကြပါ၊ အလုအယက် တိုးဝှေ့မဆင်းကြပါနဲ့၊ သင်္ဘော လုံးဝမရပ်ခင် ခုန်ကျော်မဆင်းကြပါနဲ့၊ သင်္ဘော စထွက်ခွာပြီဆိုတာနဲ့ အပြေးအလွှား ခုန်တက်တာမျိုး မပြုလုပ်ကြပါနဲ့ မိုးရေနဲ့ချော်ပြီး အောက် ပြုတ်ကျနိုင်ပါတယ်လို့ ပြောချင်ပါတယ်”**ဟု သတိပေးစကား ဆိုခဲ့သည်။

ထိုမှ မြန်မာ့အလင်း သတင်းအဖွဲ့ ရန်ကုန်တောင်ပိုင်းခရိုင် မထသ ဌာနခွဲသို့ ဝင်ခဲ့ကြသည်။ ဌာနခွဲမှူး ဦးဘခိုင်နှင့်တွေ့ဆုံ၍ စက်တပ်သမ္ဗန်များ ခရီးသည်ပို့ဆောင်ရေးနှင့်ပတ်သက်၍ မေးမြန်းခဲ့သည်။

ပို့ဆောင်ပေး

ဒလမြို့နယ် ဆိပ်ကမ်းတွင် ရွာစဉ်အလိုက် စက်တပ်ရေယာဉ်အဖွဲ့အစည်းငယ်များ ရှိနေသည်။ ရေယာဉ်ဆိပ် ၁၁ ဆိပ်ရှိသည်။ ထိုမှ ရန်ကုန်ဘက်ကမ်း ဗိုလ်တထောင်ဆိပ်၊ ဘုန်းကြီးလမ်းဆိပ်၊ ဝါးတန်းဆိပ်များသို့ နေ့စဉ် သမ္ဗန်အစင်းပေါင်း ၅၀၀ ဝန်းကျင်က ခရီးသည် ၃၀၀၀၀ ကျော်ကို ပို့ဆောင်ပေးလျက်ရှိနေကြောင်း သိရသည်။

ခရီးသည်များ၏ ဘေးအန္တရာယ်လုံခြုံမှုနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာ ဌာနခွဲမှူး ဦးဘခိုင်က **“စက်တပ်သမ္ဗန် တစ်စင်းရဲ့အဓိကကြံ့ခိုင်မှုက စက်ရဲ့ အင်ဂျင်ပိုင်းဖြစ်ပါတယ်။ စက်က နှိုးလိုက်တာနဲ့ ဝိုးဒေါက်ဖြစ်နေရပါမယ်။ စက်ရပ်ခြင်း၊ စက်ဖောက်ခြင်း လုံးဝ မရှိစေရပါဘူး။ သမ္ဗန်ကိုယ်ထည်ပိုင်းနဲ့ပတ်သက်ပြီး ရေယိုစိမ့်မှု၊ အသားဆွေးမြည့်မှု လုံးဝမရှိစေရတဲ့အပြင် တောင့်တင်းခိုင်မာမှုရှိနေရပါတယ်။ နောက် သမ္ဗန်တစ်စင်းမှာ ခရီးသည် ၁၀ ဦးသာ တင်ခွင့်ပြုပြီး အသက်ကယ်အင်္ကျီ အပြည့်အစုံ ပါရှိရပါမယ်။ ကျောက်ဆူး၊ ခတ်တက်တစ်စုံ၊ သမ္ဗန်ဘေးကြိုးတွေလည်း တပ်ဆင်ထားရပါတယ်။ အဲဒါတွေ ပြည့်စုံမှသာ ခရီးသည်ပို့ဆောင်မှုကို ခွင့်ပြုပါတယ်”**ဟု ရှင်းပြပေးသည်။

ရှင်းလင်းပြောကြား

ထိုမှ ပန်းဆိုးတန်းဆိပ်ကမ်းသို့ စာရေးသူတို့ ပြန်ခဲ့ကြသည်။ ခရီးသည်များ ခေတ္တ နားခိုဆောင်တွင် “ခရီးသည်တင် စက်တပ်ရေယာဉ်များ ဘေးအန္တရာယ် ကင်းရှင်းစေရေး” ဟောပြောပွဲနှင့် တန်းကြုံလိုက်ရသည်။ ဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်မောင်သန်းက စက်တပ်သမ္ဗန် ရေယာဉ်မှူးများ လိုက်နာရမည့် စည်းကမ်း၊ ဆောင်ရွက်ရမည့် ဝတ္တရားများကို ရှင်းလင်းပြောကြား သွားသည်ကို မှတ်သားခဲ့ရသည်။

ခွင့်ပြု

ဟောပြောပွဲအပြီး ဗိုလ်တထောင် ကမာအောင်ဆိပ်သို့ ဆင်းခဲ့ကြသည်။ ဆိပ်ကမ်းတွင် ကြီးကြပ်သူတစ်ဦးဖြစ်သည့် ဦးသန်းလှိုင်က **“ကြီးကြပ်အဖွဲ့အနေနဲ့ စက်တပ်သမ္ဗန်တစ်စင်း ဂိတ်ဖွင့်ထွက်တော့မယ်ဆိုတာနဲ့ မောင်းနှင်မယ့် ရေယာဉ်မှူးဟာ တရားဝင် ဟုတ်မဟုတ် စစ်ဆေးပါတယ်။ နောက်ပြီး သမ္ဗန်တစ်စင်းမှာ ပါရမယ့် အသက်ကယ်အင်္ကျီကအစ စစ်ဆေးပါတယ်။ ပြည့်စုံမှ ခရီးသည်ပို့ဆောင်မှုကို ခွင့်ပြုပါတယ်”**ဟု စည်းကမ်းပိုင်းနှင့် ပတ်သက်၍ ရှင်းပြသည်။

တွေ့မြင်

တာဝန်ရှိသူတို့၏ ကြီးကြပ်မှုဖြင့် ခရီးသည်အားလုံး သက်ကယ်အင်္ကျီ ဝတ်ဆင်ထားသည်ကို တွေ့မြင်ခဲ့ရသည်။ ဆိပ်ကမ်းမှတက်လာသော ခရီးသည်တစ်ဦးအား မိတ်ဖွဲ့၍ မေးကြည့်မိသည်။

“ကျွန်တော့်နာမည်က ဦးမြင့်အောင်ပါ၊ ဒလမြို့နယ် အုံ့ကြီးအနောက်ရပ်ကွက်ကပါ” ဟု ဆိုသည်။

ပြောကြား

စက်တပ်သမ္ဗန် စီးနင်းမှုနှင့်ပတ်သက်၍ **“နေ့စဉ် သွားလာနေကျခရီးပါ၊ ဖြတ်သန်းချိန်က သိပ်မကြာပေမယ့် အခုလို မိုးရာသီမှာဆို အထူးသတိထားရပါတယ်။ အခုလို လူကြီးတွေက သက်ကယ်အင်္ကျီ စီစဉ်ပေးတော့ ပိုကောင်းတာပေါ့၊ ကိုယ့်အသက်အန္တရာယ် လုံခြုံမှုအတွက်ပဲ၊ စီးတဲ့သူတိုင်း ဝတ်သင့်ပါတယ်”**ဟု ပြောကြားသည်။

ဆောင်ရွက်ပေး

မြန်မာ့အလင်း သတင်းအဖွဲ့ ဗိုလ်တထောင်မြို့နယ်မှသည် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဆိပ်ကမ်းများဆီသို့ ခရီးဦးလှည့်ခဲ့သည်။ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဆိပ်ကမ်းများမှ လှိုင်မြစ်ကို ဖြတ်သန်းကာ နေ့စဉ် သမ္ဗန် အစင်းပေါင်း ၅၀၀ ဝန်းကျင်က ခရီးသည် ၂၅၀၀၀ ကျော်ကို အသယ်အပို့ ဆောင်ရွက်ပေးနေကြရသည်။

“ကျောင်းသွား၊ ကျောင်းပြန် ဒီလို စက်တပ်သမ္ဗန်တွေကိုပဲ အားထားပြီး သွားလာနေရပါတယ်”

ဒေါ်သင်းသင်း
အလယ်တန်းပြဆရာမ
အထက(၁)
ကြည့်မြင်တိုင်

သမ္ဗန်ဆိပ်သို့ ဆင်းလာသော ကျောင်းဆရာမတစ်ဦးကို ချဉ်းကပ်စနည်းနာမိသည်။ အထက (၁) ကြည့်မြင်တိုင်မှ အလယ်တန်းပြဆရာမ ဒေါ်သင်းသင်း ဖြစ်ကြောင်း သိရသည်။

“ကျောင်းသွား၊ ကျောင်းပြန်အတွက် ဒီလို စက်တပ်သမ္ဗန်တွေကို အားထားပြီး သွားလာနေရပါတယ်၊ အခုလို မိုးဦးလေဦးမှာ လှိုင်မြစ်က ရေစီးကြမ်းတတ်ပါတယ်၊ ဝဲလည်းရှိပါတယ်၊ ခရီးသည်တွေအတွက် သက်ကယ်အင်္ကျီတွေ စီစဉ်ပေးတာ ကျေးဇူးအများကြီး တင်ပါတယ်၊ ဝတ်လဲဝတ်သင့်ပါတယ်၊ ဒါပေမယ့် ကာလအတိုင်းအတာ တစ်ခုအထိတော့ သတ်မှတ်ပြီး အသစ်လဲလှယ်ပေးသင့်ပါတယ်၊ ညစ်ပတ်ပေရေနေမယ်၊ ဟောင်းနွမ်းစုတ်ပြတ်နေမယ်ဆိုရင်တော့ ဝတ်တဲ့သူကလဲ မဝတ်ချင်ဖြစ်တတ်ပါတယ်” ဟု အကြံပေးစကား ပြောကြားခဲ့သည်။

မှတ်တမ်းတင်

ထို့အပြင် ခရီးသည်တစ်ဦးက **“သမ္ဗန်ဆိပ်တွေနဲ့ အတက် အဆင်း လမ်း သမ္ဗန်ဆိပ်ဝန်းကျင်မှာ တိုးချဲ့တည်ဆောက်လာတဲ့ အဆောက်အအုံတွေကြောင့် သမ္ဗန်ဆိပ်ဟာ ကျဉ်းမြောင်းပြီး သမ္ဗန်များ ဆိုက်ကပ်၍မရအောင် ဖြစ်တာတွေ၊ ရေတက်ချိန်တွေမှာ ရေတိုးမှုကြောင့် ဘေးအဆောက်အအုံ ထဲ သမ္ဗန် ထိုးဝင်လို့ ခရီးသည်တွေရဲ့ အသက်အန္တရာယ် ကြုံတွေ့လာနိုင်တာတွေကိုပါ ကွင်းဆင်းဆောင်ရွက်ပေးကြမယ်ဆိုရင် ရေလမ်း ခရီးသွားပြည်သူတွေရဲ့ အသက်ဘေးအန္တရာယ် လုံခြုံမှု ပိုမိုကောင်းမွန်လာနိုင်ပါတယ်”** ဟု ပြည်သူတစ်ဦး၏ စကားသံကိုလည်း မှတ်တမ်းတင်လာခဲ့သည်။

တိုက်တွန်း

မည်သို့ဆိုစေ ယနေ့အချိန်အခါသည် မိုးဦးကာလဟု ဆိုရမည့် အချိန်အခါဖြစ်ရာ ရေလမ်းခရီး ဖြတ်သန်း၍ လူမှုစီးပွားအထွေထွေကို ဆောင်ရွက်နေကြသည့် ရေယာဉ်မှူးကြီးများ၊ ခရီးသွားပြည်သူများ အနေဖြင့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်သောအားဖြင့် စည်းကမ်းများနှင့်အညီ လိုက်နာ သွားလာကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပန်းဆိုးတန်းနှင့် ဒလဆိပ်ကမ်းသို့ နေ့စဉ်ကူးသန်းနေရသော ခရီးသည်များ။

နိုင်ငံတကာအားကစား

မန်ယူနှင့် ဘာစီလိုနာ ဘယ်အသင်း ချန်ပီယံဖြစ်မလဲ

မြင့်မောင်စိုး
ရေးသားသည်

လန်ဒန် မေ ၂၆

ဥရောပဘောလုံးရာသီကုန် နှုတ်ဆက်ပွဲလို့ဆိုရမည့် ပရိသတ်များ မျှော်လင့်စောင့်စားနေသော ချန်ပီယံလိဂ် ဖိုင်နယ်ပွဲကြီးကို မေ ၂၈ ရက်ညပိုင်းမှာ အင်္ဂလန် ဝင်ဘလေအားကစားကွင်းကြီး၌ ပရီမီယာလိဂ်ချန်ပီယံ မန်ယူနှင့် စပိန်လာလီဂါချန်ပီယံ ဘာစီလိုနာတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မန်ယူနှင့် ဘာစီလိုနာတို့သည် ၂၀၀၉ ခုနှစ်က အီတလီနိုင်ငံ ရောမမြို့၌ ချန်ပီယံလိဂ်ဖိုင်နယ်ပွဲတွင် ဆုံတွေ့ကြပြီးနောက် ဖိုင်နယ်ပွဲ၌ ပထမဆုံးအကြိမ် ပြန်လည်ဆုံစည်းကြခြင်းလည်း ဖြစ်သည်။ ထို ၂၀၀၉ ခုနှစ်၌ ဘာစီလိုနာက မန်ယူကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ချန်ပီယံဖြစ်ခဲ့သည်။ ယခုတစ်ဖန် ပြန်လည်ဆုံစည်းခြင်းက မန်ယူအတွက်ရှုံးကြွေးပြန်ဆပ်ခွင့်ရခြင်းဟု ဆိုရပေမည်။ ထိုရှုံးကြွေးကို ပြန်ဆပ်ရန် နည်းပြဖာဂူဆန်နှင့် မန်ယူကစားသမားများက ပြင်ဆင်နေကြပြီဖြစ်သည်။

ဘာစီလိုနာအတွက် မက်ဆီဂိုးသွင်းနိုင်မလား။

နှစ်သင်းစလုံး၏ ချန်ပီယံလိဂ်ဆုဖလားဆွတ်ခူးနိုင်မှုကို လေ့လာကြည့်လျှင် ဖလားသုံးလုံးစီ ဆွတ်ခူးထားကြသည့်အသင်းများ ဖြစ်သည်။ မန်ယူက ၁၉၆၈၊ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တို့တွင် ချန်ပီယံလိဂ်ဆုဖလားဆွတ်ခူးနိုင်ခဲ့သလို ဘာစီလိုနာကလည်း ၁၉၉၂၊ ၂၀၀၆ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်များတွင်ချန်ပီယံလိဂ်ဆုဖလားများ ဆွတ်ခူးခဲ့ကြသည်။ ထို့ကြောင့် ယခုနှစ်တွင် မည်သည့်အသင်းက စတုတ္ထမြောက်ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးနိုင်မလဲဆိုသည်ကို ပရိသတ်များက အထူးစိတ်ဝင်စားနေကြသည်။

မန်ယူအသင်း

ဂိုးသမားကြီး ဗန်ဒါဆားသည် ရာသီကုန်လျှင် အနားယူတော့မည်ဖြစ်၍ မန်ယူပရိသတ်ကို နှုတ်ဆက်ပွဲအဖြစ် ပါဝင်ကစားလိမ့်မည် ဖြစ်သည်။ မန်ယူနောက်တန်းတွင် ဗီဒစ်၊ အီဗရာ၊ ဖာဒီနန်၊ ရာဖေးလ်တို့ ဦးဆောင်ပြီး ခံစစ်ကြောင်းကို လုံအောင်ပိတ်လိမ့်မည် ဖြစ်သည်။

ကွင်းလယ်တွင် နာနီ၊ ကာရစ်၊ ဗလင်စီယာ၊ ရိုင်ယန်ဂစ်နှင့် ပတ်ဂျီဆန်တို့ ဦးဆောင်ပြီး တိုက်စစ်မှူး ရွန်နေနှင့် ဟာနန်ဒက်တို့အတွက် အကောင်းဆုံး ဂိုးသွင်းခွင့်များရအောင် ဖန်တီးပေးလိမ့်မည် ဖြစ်သည်။

ဘာစီလိုနာ

ဘာစီလိုနာနောက်တန်းတွင် ဂျရတ်ပီကေး၊ အာဘီဒယ်၊ အက်ဒရီယာနိုနှင့် ဒန်နီရယ်အယ်လ်ဘတ်တို့က မန်ယူတိုက်စစ်မှူးများ၏ လမ်းကြောင်းကို ဖြတ်တောက်ပိတ်ဆို့ကစားကြလိမ့်မည် ဖြစ်သည်။ ဘာစီလိုနာအသင်း၏ အမာခံနောက်ခံကစားသမား ပူယိုးလ်တစ်ယောက်ဒဏ်ရာရထားသဖြင့် ပါဝင်နိုင်ဖွယ်မရှိဟု သိရသည်။ ဘာစီလိုနာ၏ ကွင်းလယ်တွင် အင်နီယေစတာ၊ ဇာဗီ၊ မာရှေယာနိုနှင့် တီယာဂိုတို့အတွဲက တိုက်စစ်မှူး မက်ဆီနှင့် ဒေးဗစ်ဗီလာတို့အတွဲကို အကောင်းဆုံး ဂိုးပေါက်ဖန်တီးပေးလိမ့်မည် ဖြစ်သည်။

အသင်းနှစ်သင်း၏ တိုက်စစ်ချင်းနှိုင်းယှဉ်ကြည့်လျှင် ဘာစီလိုနာက မန်ယူထက်တိုက်စစ်အား ပိုကောင်းသည်။ မန်ယူခံစစ်မှူးများအနေဖြင့် ဘာစီလိုနာ ကွင်းလယ်က ဖြန့်ပို့သည့်လမ်းကြောင်းကို ဖြတ်တောက်နိုင်မှ တော်ကာကျမည်။ မက်ဆီနှင့်ဒေးဗစ်ဗီလာတို့အတွဲသည် ကြုံသလိုဂိုးရအောင်ကန်သွင်းနိုင်ကြသူများဖြစ်သည်။ တစ်ဖန် မန်ယူအသင်းဘက်ကိုကြည့်လျှင် မန်ယူကွင်းလယ်ပံ့ပိုးမှုအားကောင်းမှ ရွန်နေနှင့်ဟာနန်ဒက်ဇ်တို့ ဂိုးပေါက်ရှာတွေ့ပေလိမ့်မည်။ နာနီ၊ ပတ်ဂျီဆန်တို့၏ ကွင်းလယ်မှ ဘောလုံးဖြန့်ဝေပေးမှုနှင့် ဂိုးပေါက်ဖန်တီးမှု အားကောင်းဖို့ လိုသည်။

ဘာစီလိုနာအသင်း၏ အားနည်းချက်တစ်ခုမှာ ပွဲတိုင်း ခြေစွမ်းမကောင်းတတ်ခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ ကစားကွက်ပျက်နေတတ်သည်။ ထိုသို့ ကစားကွက်ပျက်လျှင်တော့ မန်ယူတို့ အနိုင်ရဖွယ်ရှိသည်။ သို့မဟုတ်ပါမူ ဘာစီလိုနာ၏ တိုက်စစ်ကို မန်ယူခံစစ်မှူးများ အကြိတ်အနယ်ကာကွယ်ရလိမ့်မည်ဖြစ်သည်။

ဘယ်လိုပဲဖြစ်ဖြစ် ယခုပွဲသည် အသင်းနှစ်သင်း၏ ခြေစွမ်းကို မှတ်ကျောက်တင်နိုင်မည့်ပြိုင်ပွဲကြီး တစ်ရပ်ဖြစ်လာနိုင်သည့်အပြင် အသင်းနှစ်သင်းအတွက် ချန်ပီယံလိဂ်သမိုင်းမှတ်တိုင်သစ်ကို စိုက်ထူနိုင်မည့် ပြိုင်ပွဲကြီးလည်း ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ***(အင်တာနက်)***

ဘာစီလိုနာကို ရှုံးကြွေးပြန်ဆပ်မယ့် မန်ယူတိုက်စစ်မှူး ရွန်နေ။

မန်ယူနှင့် ဘာစီလိုနာ ဆုံဆည်းခဲ့သမျှ

လန်ဒန် မေ ၂၆

၁၉၈၄ ခုနှစ် မတ် ၇	ဘာစီလိုနာ	၂ - ၀	မန်ယူ
၁၉၈၄ ခုနှစ် မတ် ၂၁	မန်ယူ	၃ - ၀	ဘာစီလိုနာ
၁၉၉၁ ခုနှစ် မတ် ၁၅	မန်ယူ	၂ - ၁	ဘာစီလိုနာ
၁၉၉၄ ခုနှစ် အောက်တိုဘာ ၁၉	မန်ယူ	၂ - ၂	ဘာစီလိုနာ
၁၉၉၄ ခုနှစ် နိုဝင်ဘာ ၂	ဘာစီလိုနာ	၄ - ၀	မန်ယူ
၁၉၉၈ ခုနှစ် စက်တင်ဘာ ၁၆	မန်ယူ	၃ - ၃	ဘာစီလိုနာ
၁၉၉၈ ခုနှစ် နိုဝင်ဘာ ၂၅	ဘာစီလိုနာ	၃ - ၃	မန်ယူ
၂၀၀၈ ခုနှစ် ဧပြီ ၂၃	ဘာစီလိုနာ	၀ - ၀	မန်ယူ
၂၀၀၈ ခုနှစ် ဧပြီ ၂၉	မန်ယူ	၁ - ၀	ဘာစီလိုနာ
၂၀၀၉ ခုနှစ် မေ ၂၇	ဘာစီလိုနာ	၂ - ၀	မန်ယူ

(အင်တာနက်)

နိုင်ငံတကာရုပ်ရှင်



စင်ကာပူရုပ်ရှင်ပွဲတော်အတွက်သံတမန် တရုတ်ရုပ်ရှင်မင်းသမီးကျန်ဇီယီ

စင်ကာပူ မေ ၂၆

စင်ကာပူနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပမည့်Screen Singapore ၂၀၁၁နိုင်ငံတကာ ရုပ်ရှင်ပွဲတော်အတွက် တရုတ်ရုပ်ရှင်မင်းသမီး ကျန်ဇီယီ *(အပေါ်ပုံ)* ***အား သံတမန်တစ်ဦးအဖြစ် တာဝန်ပေးလိုက်ကြောင်း ပွဲတော်ကျင်းပရေး တာဝန်ရှိသူများက မေ ၂၅ရက်၌ ပြောကြားသည်။***

ရုပ်ရှင်မင်းသမီး ကျန်ဇီယီအနေဖြင့် ယင်းရုပ်ရှင်ပွဲတော်၌ အာရှနှင့်အနောက်နိုင်ငံများ၏ ရုပ်ရှင်အနုပညာဆိုင်ရာလုပ်ငန်းများကို ပေါင်းကူးဆက်စပ်ပေးရမည်ဖြစ်သည်။ ထိုသို့ သံတမန်တစ်ဦးအဖြစ် တာဝန်ပေးမှုကိုလည်း ကျန်ဇီယီကဂုဏ်ပြုမှုတစ်ခုအဖြစ်တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်သည်။ စင်ကာပူနိုင်ငံ၌ ဇွန် ၅ ရက်မှစတင်ကာ ရှစ်ရက်ကြာကျင်းပမည့် အဆိုပါရုပ်ရှင်ပွဲတော်သို့ တရုတ်နိုင်ငံမှ နာမည်ကြီးအနုပညာရှင် တန်ဝေ၊ ဘောလီဝုဒ်ရုပ်ရှင်မင်းသား ရှရွတ်ခန်အပါအဝင်အနုပညာရှင်အကျော်အမော်များ တက်ရောက်ကြမည်ဖြစ်သည်။ ယင်းပွဲတော်၌ ရွေးချယ်ထားသည့် ရုပ်ရှင် ၁၄ကား ပြသမည်ဖြစ်သည်။ *(အင်တာနက်)*

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး လီမီယွန် Employee ဇာတ်ကားရိုက်ကူးမည်

မောင်မောင်မြင့်ဆွေ
ရေးသားသည်

ဆိုးလ် မေ ၂၆

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး လီမီယွန်သည် Employee အမည်ရှိ ရုပ်ရှင်ကားတွင် ပြန်လည်ပါဝင်သရုပ်ဆောင် ရိုက်ကူးမည်ဖြစ်ကြောင်း မေ ၂၅ ရက်၌ ၎င်း၏ အေးဂျင့်ဖြစ်သူက ထုတ်ဖော်ပြောကြားသည်။

ယင်းဇာတ်ကားကို ဒါရိုက်တာ လင်ဆောင်ယွန်းက ရိုက်ကူးထားခြင်းဖြစ်ပြီး ခေတ္တရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။ ယခုအခါ ယင်းဇာတ်ကား၌ လီမီယွန်က ဆက်လက်ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

လီမီယွန်သည် ၂၀၀၇ ခုနှစ်က Love Exposure ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့ပြီးနောက် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများကိုသာ ရိုက်ကူးခဲ့ရာ ရုပ်ရှင်ကားများတွင် ပါဝင်သရုပ်ဆောင်မှု လေးနှစ်ခန့် အဆက်ပြတ်သွားခဲ့ခြင်းဖြစ်သည်။

အောင်မြင်ခဲ့

လီမီယွန် **(ယာပုံ)**သည် ၁၉၈၈ ခုနှစ်က စတင်ပြီး သရုပ်ဆောင်တစ်ဦး ဖြစ်ခဲ့ရာ Typhoon၊ Addicted၊ The Last Witness၊ Indian Summer၊ Bakery၊ Pisces၊ Flower in Snow စသည့် ရုပ်ရှင်ကားများ၌ အောင်မြင်ခဲ့သူဖြစ်သည်။

သူမသည် ၁၉၈၉ ခုနှစ်က ပါဝင်သရုပ်ဆောင်ခဲ့သော Happiness Does Not Come in Grades ဇာတ်ကား၌ စတင်လူကြိုက်များခဲ့ရာမှ နောက်ပိုင်းရုပ်ရှင်ကားများတွင် ပရိသတ်များက ဆက်တိုက်လက်ခံအားပေးခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး လီမီယွန်မှာ အာရှပရိသတ်များက နှစ်သက်အားပေးသော တောင်ကိုရီးယားရုပ်ရှင်အနုပညာရှင်များအနက် ထိပ်ဆုံး ၁၀ ဦးတွင် ရပ်တည်နေဆဲ ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်သည်။ **(အင်တာနက်)**

ဟောလီဝုဒ်အမျိုးသမီးဒါရိုက်တာကော့ပ်ပိုလာ လက်ထပ်ဦးမည်

လော့စ်အိန်ဂျလိစ် မေ ၂၆

ဟောလီဝုဒ်အမျိုးသမီး ရုပ်ရှင်ဒါရိုက်တာ ဆိုဖီယာကော့ပ်ပိုလာသည် ယခုနှစ်နွေရာသီ၌ ရော့ခ်ကာတစ်ဦးဖြစ်သည့် သောမတ်မားစ်နှင့် လက်ထပ်တော့မည်ဖြစ်ကြောင်း မေ ၂၆ ရက်က အတည်ပြုပြောကြားလိုက်သည်။

ကော့ပ်ပိုလာ**(ဝဲပုံ)**သည် ဟောလီဝုဒ်ရုပ်ရှင်ထုတ်လုပ်သူ ဖရန့်စစ်ဖို့ဒ်ကော့ပ်ပိုလာ၏ သမီးဖြစ်သည်။ ကော့ပ်ပိုလာသည် သူမရိုက်ကူးခဲ့သော Somewhere၊ Lost in Transktion၊ Marie Antoinette နှင့် The Virgin Suicides ဇာတ်ကားများမှာ လူကြိုက်များပြီး အောင်မြင်မှုရရှိခဲ့သည်။

ကော့ပ်ပိုလာသည် ဒါရိုက်တာ စပိုက်ကီဂျွန်ဇီနှင့် ၁၉၉၉ ခုနှစ်က လက်ထပ်ခဲ့ပြီး ၂၀၀၃ ခုနှစ်၌ ကွာရှင်းခဲ့သည်။ ယခုလက်ထပ်မည့် သောမတ်မားစ်မှာ အောင်မြင်နေသော ဖီးနစ်တေးဂီတအဖွဲ့မှ အဆိုတော်တစ်ဦး ဖြစ်သည်။ **(အင်တာနက်)**

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း တိုးတက်ပြုပြင်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၆

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း တိုးတက်ပြုပြင်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပြုပြင်ခြင်းဆိုင်ရာလုပ်ငန်းနှင့် စပ်လျဉ်း၍ မြစ်ကြီးနားခရိုင်နှင့် ပူတာအိုခရိုင်မှ ဒုတိယ အင်ဂျင်နီယာမှူးများက လည်းကောင်း၊ လမ်းအထူးအဖွဲ့(၁)၊ လမ်းအထူးအဖွဲ့(၂)၊ လမ်းအထူးအဖွဲ့(၆)နှင့် လမ်းအထူးအဖွဲ့(၁၄)တို့မှ ဒုတိယ အင်ဂျင်နီယာမှူးများက လည်းကောင်း၊ အေးရှားဝေါလ် ကုမ္ပဏီ တာဝန်ခံက လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကမန်းဒူးနော်က ဖြည့်စွက် ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြီးကြပ်ဆောင်ရွက်

မိတ္ထီလာမြို့ မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မေ ၁၇ ရက်က မြို့မ (၄) ရပ်ကွက် ရုပ်ရှင်ရုံလမ်းဘေးဝဲယာတစ်လျှောက် ရေမြောင်းဆယ်ယူခြင်းကို အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင် မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် (၁၂၃)ဆူကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့်ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက်ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်းလက်ခံ၍ စုပေါင်းအလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျမြေပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း (၈၉၂)ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင်တည်ထားလျက်ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများ ပြုပြင်ရန်အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သည့် နေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ
၃၂-ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့
ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ
မန္တလေးမြို့
ဖုန်း-၀၂-၇၆၁၅၂

ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

မြောင်းမြ မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ မြို့မအားကစားကွင်းတွင် ACE ဆောက်လုပ်ရေးကုမ္ပဏီ၏ ပံ့ပိုးကူညီမှုနှင့် မြောင်းမြမြို့နယ်အားကစားနှင့်ကာယပညာကော်မတီတို့ ပူးပေါင်းကျင်းပသည့် ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌဖလား အသက်(၂၁)နှစ်အောက် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲနှင့် လူရွေးပွဲကို မေ ၉ ရက် ညနေ ၃ နာရီက ကျင်းပရာ ပထမနေ့ ပွဲစဉ်တွင် မြို့မ(၁)ရပ်ကွက်နှင့် အမှတ် (၆) ရပ်ကွက်တို့ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် အား/ကာ)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

မြအလင်းအိမ်စာကြည့်တိုက်သစ် မှော်ဘီမြို့၌ဖွင့်

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ရေပေါ်သဲ့ကျေးရွာအုပ်စု မြကျွန်းသာယာကျေးရွာတွင် မေ ၂၃ ရက် နံနက် ၁၀ နာရီက မြအလင်းအိမ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်သီတာဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်နောင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း၊ မှော်ဘီမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် အလှူရှင်များက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးမျိုးအောင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၆

ရွှေပြည်သာစာကြည့်တိုက်သစ် မင်းလှမြို့နယ်၌ဖွင့်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် သရော(ဂျ)အုပ်စု ငှက်ကြီးသိုက်ကျေးရွာတွင် ရွှေပြည်သာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၁ ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ထို့နောက် အလှူရှင် ဦးဇော်မြင့်မိသားစုက ကျပ် ၂၀၀၀၀ နှင့် ဦးညွန့်ရွှေမိသားစုက ကျပ် ၁၀၀၀၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသ မဂ္ဂဇင်းနှင့် ဂျာနယ်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ဆက်လက်၍စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရီ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းတင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

ပေးအပ်လှူဒါန်း

မေ ၇ ရက်က ရန်ကုန်မြို့ အင်းလျားရိပ်သာလမ်း အမှတ် ၆ (က) နေ သီရိသုမင်္ဂလာ ဒေါ်မြရင်(မြသီရိဆေးတိုက်)က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာရှိ ရွှေဘိုင်းဒါးစာကြည့်တိုက်အတွက် ငွေကျပ် ၁၀၀၁၅၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းရာ ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဦးက လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

27-5 (11).pmd 1 5/27/2011, 2:51 AM

ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

မြန်မာ့ရေနံဆောင်ဘဏ်လီမိတက်၏ မော်လမြိုင်ဘဏ်ခွဲကို ၂၆-၅-၂၀၁၁ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးတင်လှိုင်-ဒေါ်သန်းသန်းဝင်း	(ကျော်ကြား အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)
ဦးဘန်စူး	(ဝင်းဝင်းတောက် ဆိုင်ကယ်ပစ္စည်း)
ဦးငွေးဝင်း	(မြတ်ရွှေစင် စာရေးကိရိယာဆိုင်)
ဦးအောင်သိန်း	(အောင်သိန်းနာရီဆိုင်)
ဦးသိန်းဝင်း	(**Play Boy TV** ရေခဲသေတ္တာဆိုင်)
ဦးရီကင့်	(တိုင်းရင်းရော်ဘာကြိတ်စက်)



အမည်ပြောင်း

ဦးမင်းခိုင်၏သား အခြေခံပညာကျောင်းခွဲ တံခွန်တိုင်ကျေးရွာ ဆဋ္ဌမတန်း (A)မှ မောင်ထက်မင်းလွင်အား မောင်လမင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လမင်းထက်။**

ဖခင်အမည်မှန်

သဲတော+ဝမ်းတွင်း (အထက) အထက်တန်းကျောင်း နဝမတန်း(G) မှ မောင်ညီမင်းကိုကို၏ ဖခင်အမည်မှန်မှာ ဦးဆန်းငွေးဖြစ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းအောင်၏ ပတ်စ်ပို့နံပါတ် A-052815 နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၂၉၆၆၂၉။**

မြန်မာနိုင်ငံဆရာဝန်များအသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ ဆရာဝန်များအသင်း(ဗဟို) ဂေါက်သီးရိုက်အဖွဲ့၏ လစဉ် ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် မေလ ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းမင်းဓမ္မရိပ်သာ၊ မင်းဓမ္မလမ်းသွယ်လမ်း၊ အမှတ် ၈/M ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ လူနေရပ်ကွက်အမှတ် (သမိုင်း)၊ မြေကွက်အမှတ် ၈/M ၊ မြေဧရိယာ ၀ ဒသမ ၀၉၀ဧကရှိ B ဘိုးဘွားပိုင် (အိမ်ရာမြေ) မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်မြင့်ကြည်ထံမှ ၂၄-၄-၂၀၀၈ရက်တွင် ပြုလုပ်သည့် အရောင်းအဝယ်စာချုပ်နှင့် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင်ပြုလုပ်သည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၁၆၀/၂၀၀၈ ရယူပြီး လက်ဝယ်ရရှိပိုင်ဆိုင်ထားသူများဖြစ်သော ဦးသန်းဝင်း ၁၂/ကမရ(နိုင်)၀၅၆၆၄၉နှင့် ဒေါ်မျိုးမျိုးမြင့် ၁၂/ကမရ(နိုင်)၀၂၀၇၈၃တို့မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်၊ စာတမ်းအထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ **(LL.B)** တရားရုံးချုပ်ရှေ့နေ (၄၃၇၃)
ဒေါ်လှလှခိုင် **(LL.B)** တရားရုံးချုပ်ရှေ့နေ(၅၄၁၀)

အမှတ် (၉/၁၁)၊ အခန်းအမှတ် ၂၀၁ **A** (ဒုတိယထပ်)၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဘယ်လိုအစီအစဉ်နဲ့ပွဲမျိုး ကျင်းပချင်ပါသလဲ
လိုအပ်ချက်မရှိ အပြည့်စုံဆုံးဝန်ဆောင်မှုများနဲ့

Myanmar Convention Center (MCC)

ခန်းမကြီးမှာကျင်းပနိုင်ပြီ

Exhibition ပြပွဲများ၊ ကုမ္ပဏီ Staff နှစ်ပတ်လည်ပါတီပွဲများ၊ Company New Product Launching ပွဲများ၊ နှစ်ပတ်လည် Showပွဲများ၊ မင်္ဂလာဆောင် အခမ်းအနားများ၊ အစည်းအဝေးပွဲကြီးများ၊ Stage Show ပွဲများ၊ Gathering Party ပွဲများ၊ အလှူမင်္ဂလာပွဲများအတွက် ခမ်းခမ်းနားနားကျင်းပနိုင်ရန် ရန်ကုန်မြို့ မင်္ဂလာဆောင်ရှိ "မြန်မာကွန်ဗင်းရှင်းစင်တာ" **Myanmar Convention Center (MCC)** ခန်းမကြီးတွင် စီစဉ်ပေးလျက်ရှိပါသည်။

MCC ခန်းမမှာ မြေ (၁၀ဧက)အကျယ်အဝန်းတွင်တည်ရှိပြီး ယာဉ်အစီးပေါင်း (၅၀၀)ခန့်အထိရပ်နားနိုင်သော ကျယ်ဝန်းသည့်ကားပါကင်ပါရှိပြီး၊ လူ(၃၀၀၀)ကျော်ခန့် ထိုင်ခုံခင်းနိုင်ပြီး၊ ထိုင်ခုံမပါ လူ(၅၀၀၀)ခန့်ဝင်ဆံ့သော အအေးခန်းပါရှိသော (၁၀၄ပေ X ၁၉၀ပေ) ကျယ်ဝန်းသော ဗဟိုခန်းမကြီးဖြစ်ပြီး၊ အလျား (၆၀ပေ)၊ အနံ(၃၀ပေ)ရှိသော Stage စင်အပါအဝင် (၇၀X၃၇)ပေ ကျယ်ဝန်းသော VIPခန်းမ၊ (၇၀X၃၇)ပေ ကျယ်ဝန်းသော အစည်းအဝေးခန်းမတို့ပါရှိပါသည်။

ဆက်သွယ်ရန်

MCC Management Committee

653106, 665297,205747, 206206 Ext:1111, 098625351

မြန်မာ့အလင်း မှုခင်းသတင်း

လမ်းဖြတ်ကူးသည့်အမျိုးသမီး ဆိုင်ကယ်တိုက်၍သေဆုံး

တောင်တွင်းကြီး မေ ၂၆

တောင်တွင်းကြီးမြို့ တောင်တွင်းကြီး-ပြည်လမ်းမကြီး ကြာညိုစန်းနှီ့ဆီချက်စက်ရုံအနီးတွင် လမ်းဖြတ်ကူးသည့် အမျိုးသမီးတစ်ဦးကို မေ ၁၉ ရက် ညနေ ၄ နာရီခွဲခန့်က ဆိုင်ကယ်တိုက်မှုဖြစ်ပွားရာ ရရှိသောဒဏ်ရာဖြင့် မေ ၂၀ ရက် ညနေ ၃ နာရီတွင် သေဆုံးသွားကြောင်း သိရသည်။

ဆောင်ရွက်

ဖြစ်စဉ်မှာ တောင်တွင်းကြီးမြို့ အုန်းတော(၂) ရပ်ကွက်နေ ဒေါ်ခင်ဝင်းကြည် အသက် (၅၀) သည် ပြည်လမ်းမကြီး အနောက်မှအရှေ့သို့ ဖြတ်ကူးစဉ် မြောက်မှ တောင်သို့ မျိုးဝင်းထွန်း အသက် (၃၀) (ဘ) ဦးထွန်းရွှေ ဆတ်သွားကျေးရွာနေထိုင်သူ မောင်းနှင်သော စထရင်း ၁၁၀ ဆိုင်ကယ် ၁၇ယ/---ဖြင့် တိုက်မိရာ ဒေါ်ခင်ဝင်းကြည်မှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာ သုံးချက်၊ ဖူးရောင်ဒဏ်ရာ တစ်ချက်နှင့် နာခေါင်းမှ သွေးယိုစီးသည့် ဒဏ်ရာများဖြင့် ဆေးရုံသို့ တင်ပို့ခဲ့သော်လည်း နောက်တစ်နေ့ ညနေ ၃ နာရီခန့်တွင် သေဆုံးခဲ့သဖြင့် ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူ မျိုးဝင်းထွန်းအား သက်ဆိုင်ရာက စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရှိရသည်။ (၁၁၇)

စက်ဘီးရှောင်ရာမှ သစ်ပင်နှင့်ရိုက်မိ၍ ခရီးသည်နှစ်ဦး သေဆုံး

လက်ပံတန်း မေ ၂၆

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) လက်ပံတန်းမြို့ ရန်ကုန်-ပြည် ကားလမ်းမကြီးပေါ်တွင် မေ ၂၁ ရက် ည ၇ နာရီခွဲခန့်က ရန်ကုန်ဘက်မှ ပြည်ဘက်သို့ ယာဉ်မောင်းလှမော် (ဘ)ဦးမောင်သန်း/၁၅-ရပ်ကွက် (၃) လမ်း ပခုက္ကူမြို့နေသူ/ မောင်းနှင်လာသည့် ဟွန်ဒိုင်းအမျိုးအစား အောင်ကျော်စိုး ခရီးသည်တင်ယာဉ် ၆/က---မှာ ငွေးတောက်ကွင်းကျေးရွာအနီး မိုင်တိုင်အမှတ် (၉၂/၀) နှင့် (၉၂/၂)အကြား အရောက်၌ စက်ဘီးတစ်စီးအား ရှောင်တိမ်းရာ ဝဲဘက်သို့ ထိုးဆင်းသွားပြီး လမ်းဘေးရှိ သစ်ပင်များနှင့် ယာဉ်နောက်ပိုင်းရိုက်မိခဲ့သည်။ ထိုစဉ် ကားပေါ်ပါသူခရီးသည် ဒေါ်ဂျမ်း အသက်(၅၂)နှစ် (ဘ)ဦးဘိုဝင်း မျောက်ချောကုန်းရွာ မော်ဘီမြို့နေသူ၏ ဦးခေါင်းပြားချပ်ဒဏ်ရာနှင့် မောင်အေးထွန်း(ခ)အေးချော အသက် (၂၇)နှစ် (ဘ) ဦးလူရှန် စိန်ကလေးကျေးရွာ ဇလွန်မြို့နေသူ၏ ဝမ်းဗိုက်တွင် ပေါက်ပြဲဒဏ်ရာများရရှိပြီး နေရာတွင် သေဆုံးသွားသဖြင့် လက်ပံတန်းရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(၀၉၈)**

လက်ခံယူ

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဘိုးဘွားရိပ်သာသို့ တောင်ကြီးမြို့နေ ဦးအောင်သန်း (လယ်စိုက်ရှင်းမန်နေဂျာ-ငြိမ်း)-ဇနီး ဒေါ်ပုလေးနှင့် ရန်ကုန်မြို့နေ သားဖြစ်သူ ဦးအေးမြင့်၊ ညီ ဦးညီပု တို့က ရေတာရှည်ဘိုးဘွား ရိပ်သာအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ရိပ်သာဥက္ကဋ္ဌ ဦးမြင့် လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးဦးကျော်လွင် ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ယာဉ်ထိန်း)နှင့် မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သောအဖွဲ့ မေ ၂၅ ရက်က တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ ထွက်ခွာမည့်ယာဉ်များအား ယာဉ်စည်းကမ်းလိုက်နာရေး ကွင်းဆင်းစစ်ဆေးစဉ်။ (ကညန)

ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသခံပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၂၆

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးသည် မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖားဆောင်းမြို့နယ်၊မယ်စဲ့မြို့နယ်၊ ဘောလခဲမြို့နယ်၊ ရွာသစ်မြို့နယ်ခွဲနှင့် ရှားတောမြို့နယ်များရှိ ဒေသခံပြည်သူများနှင့် သွားရောက်တွေ့ဆုံ၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ပြည်သူများ အေးချမ်းလုံခြုံစွာ နေထိုင်လုပ်ကိုင်သွားနိုင်ရေး ဆောင်ရွက်ပေးရန်၊ ဆရာဝန်မရှိသည့် မြို့နယ်များ၌ ဆရာဝန်ရှိအောင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် အလေးပေးဆောင်ရွက်ရန်၊ ကျောင်းဥပစာရိပ်ကောင်းမွန်ရေး၊ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနိုင်ရေးနှင့် မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်သည့် ကျောင်းသားကျောင်းသူများ အခြေခံပညာအလယ်တန်းအဆင့်တွင် ရာနှုန်းပြည့် ဆက်လက်ပညာသင်ယူနိုင်ရေးကို ကျောင်းသားမိဘများ၊ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးလှူဘဏ်နှင့်ဓာတ်ခွဲခန်းဆောက်လုပ်ရန် ပန္နက်တင်

ဟင်္သာတ မေ ၂၆

ဦးသတိုးဟိန်း-ဒေါ်စိုးမာလာ မြန်မာ့ဩဘာကုမ္ပဏီလီမိတက်(ရန်ကုန်)က မတည်ပြီး ဦးမြတ်စိုး-ဒေါ်ဝေဝေစိုး လားရှိုးစတိုးမိသားစု(ဟင်္သာတမြို့)က ပူးပေါင်းပါဝင် ဆောက်လုပ်လှူဒါန်းသော ဟင်္သာတမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သွေးလှူဘဏ်အဆောက်အအုံနှင့် ဓာတ်ခွဲခန်းဆောက်လုပ်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို မေ ၂၂ ရက် နံနက် ၇ နာရီက ဟင်္သာတမြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်း ထွေထွေလာ

ဆောက်လုပ်ဆဲ တန်ဆောင်းအတွက် ငွေလှူ

ရန်ကုန် မေ ၂၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်တွင် ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)က ကြီးမှူးဆောက်လုပ်ဆဲ ၉၉၀၀အာရုံခံတန်ဆောင်း ကွန်ကရစ်တိုင်တစ်လုံးအတွက် ရန်ကုန်တိုင်းဒေသကြီး အင်းစိန် ရွာမအရှေ့နေ ဒေါ်ယဉ်ယဉ်ငွေးက နှစ်ဖက်မိဘများနှင့် ခင်ပွန်းဖြစ်သူတို့အားရည်စူး၍ ကွန်ကရစ်တိုင်တစ်လုံးအတွက် ငွေကျပ် ၁၅၀၀၀၀နှင့် ဘိလပ်မြေဝယ်ယူရန် ငွေကျပ် ၂၀၀၀၀ကို ဧပြီ ၂၇ရက်က အင်းစိန်မြို့နယ်ရှိ အဖွဲ့ရုံးခန်း၌ ဥက္ကဋ္ဌ ဦးမြင့်စိုး(တရားရုံးချုပ်ရှေ့နေ)နှင့် အမှုဆောင်များထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါ အာရုံခံတန်ဆောင်းကြီးမှာ ကွန်ကရစ်တိုင် ၁၄ တိုင်ဖြင့် တည်ဆောက်ထားရာ ငါးတိုင်အတွက် အလှူရှင်များလိုအပ်နေသဖြင့် လှူဒါန်းလိုသူများသည် ဦးစိုးဝင်း ဖုန်း-၆၄၃၈၂၆၊ ဦးမြင့်စိုး ဖုန်း-၀၉-၅၀၆၆၅၀၀၊ ဦးအေးသီ ဖုန်း-၀၉-၅၁၈၀၁၂၀၊ ဦးသာထွေး ဖုန်း-၇၂၈၈၃၂ နှင့် ဦးခင်မောင်ညွန့် ဖုန်း-၀၉-၅၀၈၁၉၁၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၀၁၇)

ပဲခူးတိုင်းဒေသကြီး သာသနနုဂ္ဂဟအသင်းသို့ ပုံတော်များ လှူဒါန်း

ပဲခူး မေ ၂၆

ပဲခူးတိုင်းဒေသကြီး ဗုဒ္ဓဘာသာ သာသနနုဂ္ဂဟအသင်းသို့ ကေတုမတီ(တောင်ငူ) နှစ် (၅၀၀) ပြည့် အထိမ်းအမှတ်ပွဲတော်ပြခန်းတွင် ပြသခဲ့သော ဆရာတော်ကြီးများအနက် ပဲခူးတိုင်းဒေသကြီးမှ သာသနာ့တာဝန် စွမ်းစွမ်းတမံထမ်းရွက်တော်မူသည့် ဆရာတော်ကြီးများ၏ ပုံတော် ၃၅ ပုံအား တိုင်းဒေသကြီး သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကြည်လှနှင့်ဇနီး ဒေါ်သန်းနု (လက်ထောက်ကထိက) စစ်ကိုင်းပညာရေးကောလိပ် မိသားစုက မတ် ၁၃ ရက်တွင် အသင်းတည်ရှိရာ ပဲခူးရွှေမော်ဓော စေတီတော်မြတ်ကြီး၏ အနောက်မုခ်သို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီး ဗုဒ္ဓဘာသာ သာသနနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (၁၁၀)

ပညာသင်ကြားရေး ဆွေးနွေးနိုင်

ရန်ကုန် မေ ၂၆

ပြည်ပပညာသင်ကြားရေးနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပေးခြင်းကို AVSS Myanmar ရုံးခန်းမ၌ ဆောင်ရွက်ပေးလျက်ရှိရာ Australia အစိုးရပိုင် Holmesglen Institute of TAFE ကျောင်း၌ တက်ရောက် ပညာသင်ကြားလိုသူများသည် Business, Engineering, Design, Education, Health Sciences, Information Technology, Multimedia, Social Science, Dental Technology နှင့် Hospitality & Tourism စသည့် နယ်ပယ်အသီးသီးရှိ ဘာသာရပ်များကို လေ့လာသင်ယူနိုင်ကြကြောင်း သိရှိရသည်။ Holmesglen တွင် Diploma, Advanced Diploma နှင့် Bachelor Degree Program များကို သင်ယူနိုင်ပြီး တက်ရောက်နိုင်သည့် Bachelor Programs များမှာ Nursing, Screen Production, Applied Science (Built Environment), Business (Marketing Management / Business Administration, Accounting) စသည်တို့ဖြစ်ပြီး အခြားဘာသာရပ်များကို ၄င်းနှင့် ချိတ်ဆက်ထားသော Charles Sturt University, Monash University, Deakin University , La Trobe University နှင့် Swinburne University တို့တွင် Bachelor Degree, Master Degree နှင့် Ph.D Programs များအထိ ဆက်လက် လေ့လာသင်ယူနိုင်ကြောင်း သိရသည်။

အဆိုပါပညာရပ်များ သင်ကြားလိုသူများသည် ဇွန် ၇ရက် (အင်္ဂါနေ့)တွင် AVSS Myanmar ရုံးခန်း၌ ကျောင်းသားတစ်ဦးချင်းစီအား ဆွေးနွေးပေးမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသူများသည် အမှတ်(၄၂-ဒီ) ပထမထပ် ဗိုလ်ရာညွန့်လမ်း ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၃၃၆၆၊ ၀၉-၇၃၀၃၅၅၀၃၊ ၀၉- ၅၁၄၇၂၂၇ တို့ထံသို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ရန်ကုန်မြို့ ဦးမောင်မောင်-ဒေါ်ဆာရဆူသီး မိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ ဆေးကုသဆောင် ဆောက်လုပ်ရန်အတွက် လှူဒါန်းသည့် ငွေကျပ်ငါးသိန်းကို အလှူရှင်ကိုယ်စား အကျိုးဆောင်အဖွဲ့မှ ဦးမြသိန်းက မိဘဂုဏ် ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းကြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၀၅)

နယ်စပ်ကုန်သွယ်မှု မြှင့်တင်ရေးစည်းဝေး

လွယ်ဂျယ် မေ ၂၆

ဗန်းမော်ခရိုင် လွယ်ဂျယ်နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက နယ်စပ်ကုန်သွယ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန စခန်းတာဝန်ခံ ဦးဇော်ဝင်းက ကုန်သွယ်မှုမြှင့်တင်ရေး ပဏာမလျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် ဆွေးနွေးပြောကြားပြီး ကုန်သည်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊စက်ယန္တရားများကို ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးအလေးပါးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်တို့ မေ ၅ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ် မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်ဝိုင်ယာကြိုးများ ကြံ့ခိုင်မှု ရှိ၊ မရှိ မေ ၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးဝေရေးအတွက် ရေစုကန်အတွင်း ရေသိုလှောင်ထားရှိမှုကို မေ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမြတ်ကောင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဖြူမြို့နယ် မြို့မဈေးရှေ့ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးညီညီဆွေတို့ ကြီးကြပ်မှုဖြင့် မေ ၁၅ ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ခိုလမ်မြို့မဈေးကြီး သန့်ရှင်းသာယာရေး၊ ဈေးမီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုကို မေ ၈ ရက်က ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်စိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းထောက်များခေါ်ယူခြင်း

မြန်မာ့အလင်းသတင်းစာတိုက်အတွက် သတင်း၊ ဓာတ်ပုံ၊ သတင်းဆောင်းပါးများ ရေးသားရိုက်ကူးပေးပို့နိုင်မည့် မြို့နယ်သတင်းထောက်များကို စိစစ်ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သတင်းထောက်လုပ်ငန်းကိုဝါသနာပါပြီး သတင်းရေးသားခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းများကို သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများကို အခြေခံလျက် လုပ်ကိုင်နိုင်သူများသည် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲစခန်းတို့၏ ထောက်ခံချက်နှင့်အတူ ကိုယ်ရေးအကျဉ်းနှင့် လိုင်စင်ဓာတ်ပုံ နှစ်ပုံပူးတွဲလျက် လျှောက်ထားနိုင်ပါသည်။

လျှောက်ထားလိုသူများသည် **မြန်မာ့အလင်းသတင်းစာတိုက် ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်နှင့် မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်ရုံးခွဲ) အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**သို့ ၉-၆-၂၀၁၁ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၁၊ မြေကွက်အမှတ်၂၉၅/ခ၊ မြေကွက်တည်နေရာအမှတ်၂၉၅/ခ၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးရွှေဘထွန်း AX-၀၇၅၅၈၅ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးရွှေဘထွန်းထံမှ အရောင်းအဝယ်စာချုပ် ၅၄၈/၉၈ (၁၁-၂-၉၈) ဖြင့် ဦးအောင်နိုင်ကဝယ်ယူခဲ့ပြီး ဦးအောင်နိုင်ထံမှ အရောင်းအဝယ်စာချုပ် ၁၁၆၉/၁၁ (၁၀-၃-၁၁) ဖြင့် ဝယ်ယူခဲ့သူ ဦးဌေးအောင် ၁၂/ဥကတ(နိုင်)၀၁၅၂၀၀က အရောင်းအဝယ်စာချုပ်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**

ရောင်းမည်

လက်ရှိပြေးဆွဲနေသော (၃၉) အထူး၊ (၃၉)City Bus ကားများ ရောင်းရန်ရှိသည်။ စုံစမ်းရန်-ခြံအမှတ် ၃၆၊ ရန်နိုင်ဆွေ ၂ လမ်း၊ သာကေတစက်မှုဇုန်၊ (နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ)

အမည်ပြောင်း

ဦးတင်ထွန်းနိုင်၏သားနှင့်သမီးဖြစ်သော အထက-၁ သြောင်တုန်း Grade (11) မှ မောင်လွင်ထူးပိုင်အား မောင်လင်းဆက်ပိုင်ဟု လည်းကောင်း၊ Grade (7) မှ မအေးချမ်းမွန်အား မကြယ်စင်ချိုဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

ပခုက္ကူမြို့အထွေထွေရောဂါကုဆေးရုံကြီး၌ ကျောက်ကပ်ဆေးစက်ဖြင့် အခမဲ့ကုသ

ပခုက္ကူ မေ ၂၆

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ပခုက္ကူခရိုင် ပခုက္ကူမြို့အထွေထွေရောဂါကုဆေးရုံကြီးတွင် တပ်ဆင်ထားသော ကျောက်ကပ်ဆေးစက်အသစ်ဖြင့် ပထမဦးဆုံးအကြိမ်အဖြစ် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စု ကန်တောကျေးရွာနေ(ဘ) ဦးကျော်အေး၏သား အသက်(၃၃)နှစ်ရှိ မြွေပွေးကိုက်ခံရသူ လူနာ ဦးသန်းလွင်အား မေ ၁၅ ရက် နံနက် ၁၀ နာရီက ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့က အခမဲ့ကုသဆောင်ရွက်ပေးခဲ့ရာ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ကျောက်ကပ်ဆေးစက်ဖြင့် ကုသဆောင်ရွက်ရာသို့ ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြီးကြပ်ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ) (၁၀၂)**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲအတွက် မေ ၄ရက်က ဦးသိန်း-ဒေါ်လှသင်းအားရည်စူး၍ မန္တလေးမြို့ လူပုံတံဆိပ်ရွှေဆိုင်း မိသားစုက ငွေကျပ် ၆၅၀၀၀၀ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၁၀၇)

ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်မှု ထန်းတပင်မြို့နယ်၌ ဆောင်ရွက်

ထန်းတပင် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝက်နားရွက်ပြာရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ထန်းတပင်မြို့နယ် ပန်းတိုင်စစ်ဆေးရေးဂိတ်တွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဦးခင်သိန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက နေ့စဉ် ဧရာဝတီတိုင်းဒေသကြီးမှ ဝင်ရောက်လာသော ဝက်များကို စောင့်ကြည့်၍ တိရစ္ဆာန်ကျန်းမာကြောင်း လက်မှတ်ပါရှိခြင်း ရှိ မရှိစစ်ဆေးခြင်းနှင့် ဝက်များကျန်းမာရေး ကောင်းမွန်မှု ရှိ မရှိ မျက်မြင် စစ်ဆေးခြင်းပြုလုပ်ပြီး ကျန်းမာသော ဝက်များကိုသာ ဝင်ရောက်ခွင့်ပြုခြင်းနှင့် သယ်ဆောင်လာသော ဝက်သယ်ယာဉ်များကို ပိုးသတ်ဆေးဖျန်းပြီးမှသာ ဝင်ရောက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(အောက်ပုံ) (၀၄၈)**

သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ် (၃) ရပ်ကွက်ရှိ အမှတ်(၁၈)အခြေခံပညာမူလတန်းကျောင်းတွင် မေ ၁၄ ရက် နံနက် ၇နာရီက သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေးအတွက် ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများအဖြစ် ရေလွှတ်မြောင်းများတူးဖော်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း စသည့်လုပ်ငန်းများကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ အမက(၁၈)မှ ဆရာ ဆရာမများနှင့် ရပ်ကွက်ပြည်သူများ တပျော်တပါး ပါဝင်ဆောင်ရွက်ကြကြောင်း သိရှိရသည်။
(အောက်ပုံ) (၀၀၁)

ဝက်နားရွက်ပြာရောဂါအကြောင်း အသိပညာပေးဟောပြော

မိုးညှင်း မေ ၂၆

မိုးညှင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးပြီး တိရစ္ဆာန်ကူးစက်ရောဂါများနှင့် ဝက်နားရွက်ပြာရောဂါအကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို မေ ၁၂ ရက် မွန်းတည့် ၁၂ နာရီက မိုးညှင်းခရိုင် ဟိုပင်မြို့နယ် တကွင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဝင်းဦးက တိရစ္ဆာန်ကူးစက်ရောဂါများနှင့် ဝက်နားရွက်ပြာရောဂါအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကူးတို့သင်္ဘော ကမ်းမှထွက်ခွာချိန်တွင် ဤသို့ မမီမကမ်း တက်လျှင် လွန်စွာအန္တရာယ်များလှကြောင်း သတိချပ်သင့်ပါသည်။

သက်ကယ်အကျီများ စနစ်တကျဝတ်ဆင်

ကြည့်မြင်တိုင် ဗားကရာဆိပ်တွင် သက်ကယ်အကျီများ စနစ်တကျ ဝတ်ဆင်၍ စက်တပ်သမ္ဗန်ဖြင့် သွားလာနေကြသည်ကို ဤသို့ တွေ့ရသည်။

မိုးရာသီနှင့် ရေလမ်းခရီးအန္တရာယ် သတိပြုဖွယ်

သတင်းဆောင်းပါး-တင်ဝင်းလေး(ကြည့်မြင်တိုင်) / ဓာတ်ပုံ-မြင့်အောင်(အလုံ)

ရန်ကုန် မေ ၂၆

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများဆီသို့ စတင်ဝင်လေပြီ။ မိုးဦးလေဦး ရာသီအကူးအပြောင်းတွင် မြစ်ကူးချောင်းဖျား၌ ခရီးသွားသူတို့အတွက် များစွာသတိထားရမည့် ကာလ ဖြစ်ပေသည်။

လေ့လာတွေ့ရှိ

နေ့စဉ်နှင့်အမျှ ရန်ကုန်မြစ်နှင့် လှိုင်မြစ်ကိုဖြတ်သန်း၍ လူမှုစီးပွားအထွေထွေကို ဆောင်ရွက်နေကြသော ခရီးသွားပြည်သူတို့ များစွာရှိကြောင်း လေ့လာတွေ့ရှိရသည်။

ဒလဆိပ်ကမ်းမှသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးမြို့နယ်များသို့တိုင် ခရီးပေါက်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မော်လမြိုင်ကျွန်း၊ စာမျက်နှာ ၉ ကော်လံ ၁ ◆

ထစ်ချုန်းမိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုးရွာသွန်းမှုများ

၂၆-၅-၂၀၁၁

ကော့ကရိတ်မြို့	၃ ဒသမ ၅၄ လက်မ
မုဒုံမြို့	၃ ဒသမ ၃၁ လက်မ
သထုံမြို့	၂ ဒသမ ၃၆ လက်မ
မအူပင်မြို့	၁ ဒသမ ၆၉ လက်မ
မောင်တောမြို့	၁ ဒသမ ၄၆ လက်မ
ပဲခူးမြို့	၁ ဒသမ ၃၈ လက်မ
ကျိုက္ခမီမြို့	၁ ဒသမ ၂၂ လက်မ
မော်လမြိုင်မြို့	၁ ဒသမ ၁၄ လက်မ
ထားဝယ်မြို့	၁ ဒသမ ၁၀ လက်မ